ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ စနေနေ့၊ (6-5-2006) (၄၉၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တမူးခရိုင် ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်လမ်း ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ရန်မှာကြား မော်လိုက်ခရိုင်နှင့် မော်လိုက်-ဖောင်းပြင်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ

ရန်ကုန် မေ ၅

စစ်ကိုင်းတိုင်း တမူးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂ ရက် နံနက် ၆နာရီခွဲတွင် တမူးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ရှေးဦးစွာ ဆေးရုံအတွင်းရှိ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ မော်လိုက်ခရိုင်နှင့် မော်လိုက်နှင့်ဖောင်းပြင်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ပင်လယ်ရေကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းအတွက် အဓိကကျသည့် ရန်ကုန်ဆိပ်ကမ်းမှ နိုင်ငံတကာစံချိန်မီ ကုန်တင်ကုန်ချဆိပ်ခံတံတားများ

မြန်မာနိုင်ငံ၏ ထုတ်ကုန်သွင်းကုန်များကို ပင်လယ်ရေကြောင်းမှ အဓိကသယ်ယူပို့ဆောင်ပေးလျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းသည် အချက်အချာကျသော အဓိကဆိပ်ကမ်းတစ်ခုဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုနှင့်အညီ နိုင်ငံတကာအဆင့်မီ ဆိပ်ခံတံတားများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက တည်ဆောက်သုံးစွဲလာကြသည်။

ပြည်ပပို့ကုန်သွင်းကုန်သယ်ယူပို့ဆောင်မှုတွင် အဓိကကျသော ရန်ကုန်ဆိပ်ကမ်း၏ ဆိပ်ခံတံတားများနှင့် စပ်လျဉ်းသည့် သတင်းဆောင်းပါးကို စာမျက်နှာ (၁၁)တွင် ဖော်ပြထားပါသည်။ (စာတည်းမှူး)

ဗိုလ်အောင်ကျော် အမှတ်(၃) ကုန်သေတ္တာတံတားတွင် ခေတ်မီစက်ကိရိယာများဖြင့် ကုန်တင်ကုန်ချဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၅-၂၀၀၆
(စနေနေ့)

ဆီအုန်းများ တိုးချဲ့စိုက်ပျိုးရေးကြိုးပမ်း ဒေသစီးပွားရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေသဘာဝ သယံဇာတ ပေါများကြွယ်ဝသောနိုင်ငံဖြစ်ရာ မြေသယံဇာတများကို အပြည့်အဝအသုံးချ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သီးနှံများထုတ်လုပ်မှု မြင့်မားလျက်ရှိသည်။ မိုးစပါး၊ နွေစပါးနှင့် ဈေးကွက်ဝင်သီးနှံများကို ပိုမိုစိုက်ပျိုးလာခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှုရှိလာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။

တနင်္သာရီတိုင်းသည် မြေလွတ်မြေရိုင်းများစွာရှိသည်။ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ တွေ့ရသည်။

အလားတူ ရေမြေသယံဇာတကြွယ်ဝမှု၊ ရေလုပ်ငန်းနှင့် သတ္တုလုပ်ငန်း၊ သဘာဝဓာတ်ငွေ့လုပ်ငန်းတို့၏ အခြေအနေ အခွင့်အလမ်းပေးမှုတို့ကိုထိရောက်စွာ အသုံးချခြင်းဖြင့် ဒေသ၏စီးပွားရေး တိုးတက်စေရန် ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တာဝန်ရှိသူများလိုက်ပါလျက် မေလ ၁ ရက်နေ့က တနင်္သာရီတိုင်း ကော့သောင်း၊ ဘုတ်ပြင်းမြို့နယ်တို့သို့သွားရောက်၍ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ၊ ဆီကြိတ်စက်ရုံများ၊ ဒေသဖွံ့ဖြိုးရေးလမ်း၊ တံတား၊ ဆေးရုံတည်ဆောက်နေမှု များအား ကြည့်ရှုစစ်ဆေးပြီး ဆီအုန်းများနှစ်အလိုက်တိုးချဲ့စိုက်ပျိုးရေး၊စားသုံးဆီသန့်များထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

တနင်္သာရီတိုင်းသည် ဆီအုန်းများ စိုက်ပျိုးဖြစ်ထွန်းနိုင်သောရာသီဥတုရှိသည့်အတွက် ပြည်တွင်းစားသုံးဆီဖူလုံရေး ရည်မှန်းချက်ဖြင့် ဆီအုန်းများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။ နိုင်ငံတော်က တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိသည်။

တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧကေါ်သိန်း စိုက်ပျိုးနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုမ္ပဏီများက ပါဝင်စိုက်ပျိုးနေကြသည်။ အချို့ကုမ္ပဏီများအနေဖြင့် ဆီအုန်းဆီကြိတ်စက်ရုံများတည်ဆောက်၍ စမ်းသပ်လည်ပတ် နေကြပြီဖြစ်သည်။

ယုဇနဆီအုန်း စိုက်ပျိုးရေးစီမံကိန်းအနေဖြင့် ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဆီအုန်းဧကနှစ်သောင်းစိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ဆီအုန်းဧကတစ်သောင်းခုနှစ်ထောင်ကျော် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဆက်လက်၍ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးစခန်း ၁၇ ခုတွင် ပျိုးပင်ပေါင်း ၁၈သိန်းကျော် ပျိုးထောင်ထားပြီး ဖြစ်ကြောင်းသိရသည်။

အလားတူ ဒဂုံတင်းဘားလီမိတက်၊ ပိုကောင်းကုမ္ပဏီတို့ကလည်း ကော့သောင်းဒေသအတွင်း ဆီအုန်းတိုးချဲ့စိုက်ပျိုးနိုင်ရန် တောခုတ်မြေရှင်းလင်းခြင်း၊ နှစ်အလိုက် လျာထားချက်နှင့်အညီ ဆီအုန်းများ တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

မြို့နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် တနင်္သာရီတိုင်း၏ စိုက်ပျိုးရေးဆိုင်ရာ မျှော်မှန်းချက်များနှင့်အညီ ဒေသဆန်ဖူလုံ ပိုလျှံရေးအတွက် ဆန်စပါးတိုးချဲ့စိုက်ပျိုးရေး၊ ဝင်ငွေတိုးအကျိုးရှိစေမည့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း သီးနှံများနှင့် ဇီဝလောင်စာရရှိနိုင်သည့် ခြဲစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး အားပေးကူညီကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ တနင်္သာရီတိုင်းအနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီအုန်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းရင်း ဒေသ၏စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် ဂွမြို့နှင့် ကျိန္တလီမြို့ လေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရခိုင်ပြည်နယ် တာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သစ်တောဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဂွမြို့သို့သွားရောက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော ဂွမြို့နယ် လေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက လေဘေးသင့် တွေ့ကြုံရမှုအခြေအနေများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးဌာနအလိုက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်မှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

လက်ခံ

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က အလှူငွေများနှင့် ပစ္စည်းများကို တာဝန်ရှိသူများသို့ ပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဆန်ကုန်သည်ကြီးများအသင်း နာယက ဦးငြိမ်းနှင့် ဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က လှူဒါန်းသော ဆန်အိတ် ၃၀၀၊ ဆီကုန်သည်ကြီးများအသင်းမှ လှူဒါန်းသော စားအုန်းဆီပေပါ ၁၀လုံး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လှူဒါန်းသော ယမ်ယမ်ခေါက်ဆွဲ၊ ပရီးမီးယား ကော်ဖီမစ်၊ ဖူဂျီဆပ်ပြာ၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ သစ်လုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များအသင်းတို့မှ လှူဒါန်းသော ပစ္စည်းများနှင့် ငွေများကို အလှူရှင်၊ စေတနာရှင်များက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

ထို့နောက် ဒေသခံတစ်ဦးဖြစ်သည့် ဦးညီသန်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ကျိန္တလီမြို့သို့ ဆက်လက်သွားရောက်၍ ကျိန္တလီမြို့ရှိ ရွှေကိန္နရီခန်းမ၌ လေဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။ အစီအစဉ်အရ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က လေဘေးနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

စီမံဆောင်ရွက်

ထို့နောက် တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်သတင်းရရှိမှု၊ သတင်းဖြန့်ဝေပေးမှု အခြေအနေနှင့် ကြိုတင် စီမံဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျိန္တလီမြို့ လေဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းရှင်များက အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းကြပြီး တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

ရုပ်သိမ်း

တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် မေ ၃ရက် နံနက်ပိုင်းတွင် ဂွမြို့ရှိ နန္ဒရုံသီကင်းရုံးကျောင်းတိုက်သို့ သွားရောက်၍ ဘဒ္ဒန္တ ရေဝတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော်များက မေတ္တာသုတ် အစရှိသော ဂါထာများဖြင့် ချီးမြှင့်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဆန်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် အင်းပေါက်ဝ ကုမ္ပဏီတို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ ရေစက်ချ တရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ရခိုင်ပြည်နယ် ဂွမြို့နယ်လေဘေးသင့်အိမ်ထောင်စုများအတွက် လှူဒါန်းငွေ၊ ဆန်၊ ဆီ၊ ကယ်ဆယ်ရေး ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၄၀၅သိန်း ဖိုးခန့်ဖြစ်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဂွမြို့နယ် လေဘေးသင့် အိမ်ထောင်စုများ အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုဌာနချုပ်ကလှူဒါန်းသော အလှူငွေကျပ် သိန်း ၁၀၀ကို အနောက်ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပေးအပ်လှူဒါန်းစဉ်။

(ပို့ဆောင်ရေး)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဧပြီ ၂၄ရက်က အမှတ်(၄)ရပ်ကွက်မွေ့ရာရုံတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

"မာလာ" မုန်တိုင်းကို ရင်ဆိုင်ကျော်လွှားခြင်း

မောင်ထွန်းလွင်
(မိုးလေဝသ)

၂၀၀၆ခုနှစ်ဟာ လာနီညာဖြစ်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် စွတ်စိုမယ်၊ မိုးပိုမယ်၊ မုန်တိုင်းတွေ အဖြစ်များမယ်၊ အပူလျော့မယ်လို့ နှစ်စကတည်းက ကျွန်တော့်ကို မေးလာသူတွေကို ပြောခဲ့ပါတယ်။ ဒါပေမယ့် လာနီညာဖြစ်မဖြစ်ကိုတော့ ဇွန်လလောက်မှ အတည်ပြု နိုင်ပါလိမ့်မယ်လို့လဲ စကားခံထားခဲ့ပါတယ်။ အခုတော့ လာနီညာဖြစ်မယ့် အလားအလာဟာ ၃၀ရာခိုင်နှုန်းခန့်သာ ရှိတော့တဲ့အတွက် အားနည်းတဲ့ လာနီညာဖြစ်ဖို့သာ များနေပါတယ်။ ဒါပေမယ့် လာနီညာဖြစ်ဖို့ကသာ အလားအလာ လျော့သွားခဲ့တယ်၊ မုန်တိုင်းအဖြစ်များမယ်၊ မိုးပိုမယ်ဆိုတာတွေကတော့ ၂၀၀၆ခုနှစ်အတွက် "စကတည်းက ယဉ်သကို"ဖြစ်လို့နေပါပြီ။

ဧပြီလ ၂၄ရက်နေ့မှာ ကပ္ပလီကျွန်းစုအနီးမှာ အစပျိုးဖြစ်ပေါ်ခဲ့တဲ့ လေဖိအားနည်းရပ်ဝန်းတစ်ခုဟာပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ အဲဒီမုန်တိုင်းငယ်(လေတိုက်နှုန်း တစ်နာရီ ၃၂မိုင်မှ ၃၈ မိုင်)ဟာ အနောက်မြောက်ယွန်းယွန်းကို စတင်ရွေ့လျားလာခဲ့ရင်း ပိုမို အားကောင်းလာပြီး အပူပိုင်းမုန်တိုင်း(လေတိုက်နှုန်း တစ်နာရီ ၃၉ မိုင်မှ ၅၄မိုင်)အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနောက် ရွေ့လျားမှုနှေးလာပြီး ရေပြင်ပေါ်မှာ ဆက်လက် အားကောင်းလာတဲ့အတွက် ဆိုင်ကလုန်းမုန်တိုင်း (လေတိုက်နှုန်း တစ်နာရီ ၅၅ မိုင်မှ ၇၂မိုင်)အဖြစ်ကို ရောက်ရှိလာခဲ့ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ကို ရောက်လာပြီးမှ မြောက်ဘက်အရပ်ကို ရွေ့လာခဲ့ပြန်ပါတယ်။ အဲဒီမှာ ပိုမိုအားကောင်းလာပြီး အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး (လေတိုက်နှုန်း တစ်နာရီ ၇၃ မိုင်အထက်)အဖြစ်ကို ရောက်လာပါတော့တယ်။

အဲဒီနောက်မြောက်ဘက်အရပ်ကို သွားနေရာက အရှေ့မြောက်ဘက်ကို ဦးတည်ရာဘက်တိမ်းပြီး မြန်မာ့ကမ်းရိုးတန်းဆီကို ဦးတည်ရွေ့လျားတော့တာပါပဲ။ အဲဒီမှာ ပိုမိုအားကောင်းလာပြန်ပြီး မုန်တိုင်းမျက်စိပေါ်တဲ့အထိ အဆင့်တက်လာပြန်တဲ့အတွက် "ဟာရီကိန်းတမျှ ပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး" (လေတိုက်နှုန်းတစ်နာရီမိုင် ၁၂၀အထက်)အဖြစ် အမြင့်ဆုံးအဆင့်ကို ရောက်လာခဲ့ပြန်ပါတယ်။ အဲဒီနေ့ဟာ ဧပြီ ၂၈ရက်နေ့ဖြစ်နေပါပြီ။ အဲဒီအချိန်မှာ မုန်တိုင်းကြီးမှာ"မုန်တိုင်းမျက်စိ" ထင်ထင်ရှားရှားကြီး ပေါ်နေပါပြီ။ မုန်တိုင်းရဲ့ အချင်းဝက်ဟာလဲ မိုင်၂၀၀လောက် ရှိနေတဲ့အတွက် မုန်တိုင်းဗဟိုချက်ဟာ ပုသိမ်မြို့ရဲ့ အနောက်တောင်ဘက် မိုင်၁၅၀လောက်ဝေးတဲ့ ပင်လယ်ပြင်ပေါ်မှာရှိနေဆဲကတည်းက မုန်တိုင်းကြီးရဲ့ စက်ကွင်းဟာ ဧရာဝတီတိုင်းရဲ့ အနောက်တောင်ဘက်ကမ်းခြေတွေကို စတင်ထိဝင်စပြုနေပါပြီ။ ပရိပဲရစ်ကျွန်း၊ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်း၊ ကျောက်ကလပ် စတဲ့ ဒေသတွေမှာ တစ်နာရီ ၄၅မိုင်လောက်ရှိတဲ့ လေပြင်းများ စတင်တိုက်ခတ်စပြုနေပါပြီ။ ဒါပေမယ့် မုန်တိုင်းကြီးရဲ့ ဗဟိုချက်အနီးတစ်ဝိုက်မှာတော့ လေတိုက်နှုန်းဟာ တစ်နာရီ မိုင် ၁၅၀ လောက်ရှိနေခဲ့ပါတယ်။

ဒါပေမယ့် ကံကောင်းချင်တော့ အရှေ့မြောက်ဘက် အရပ် ရခိုင်ကမ်းခြေတောင်ပိုင်းနဲ့ ဧရာဝတီတိုင်း အစပ်ဒေသဆီကို ဦးတည်ချဉ်းကပ်လာတဲ့ မုန်တိုင်းကြီးဟာ ကမ်းခြေနဲ့ ဗဟိုချက် မိုင် ၁၀၀ကျော်လောက်အကွာ ရောက်တဲ့အခါမှာတော့ အင်အား တစ်ဆင့်ပြန်လျော့သွားပြီး မုန်တိုင်းမျက်စိလဲ ပျောက်သွားခဲ့ပါတယ်။ ဗဟိုချက်ဝန်းကျင်မှာ တိုက်ခတ်နေတဲ့ လေတိုက်နှုန်းဟာလဲ တစ်နာရီ မိုင်၁၂၀လောက်အထိ ကျသွား ခဲ့ပါတယ်။ မုန်တိုင်းကြီးရဲ့ ရှေ့မျက်နှာစာအပိုင်းတွေ ကလဲ ဧရာဝတီတိုင်း အနောက်ဘက်ကမ်းခြေဒေသ များကိုသာမက ရန်ကုန်တိုင်းအစပ်ဒေသများကိုလဲ စတင်ဖြတ်သန်းလျက်ရှိနေပါပြီ။ ဧပြီလ ၂၉ရက်နေ့ နံနက်ပိုင်းမှာတော့ မုန်တိုင်းကြီးရဲ့ ဗဟိုချက်ဟာ ချောင်းသာကမ်းခြေရဲ့ အနောက်ဘက်တည့်တည့် ၂၈မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေခဲ့ပါပြီ။ ဒီအချိန်မှာ ချောင်းသာကမ်းခြေဟာ မုန်တိုင်းဗဟိုချက်ရဲ့ ရွေ့လျားရာ ရှေ့ညာဘက်မှာ ရှိနေသေးတဲ့ အတွက် လေတွေဟာ ကုန်းမှပင်လယ်ဘက်ကို တိုက်နေခဲ့ပြီး ရေတွေ မတက်သေးပါဘူး။ ဟိုင်းကြီးကျွန်းတို့၊ ကျောက်ကလပ်တို့မှာတော့ အလဲလဲအပြိုပြို ဖြစ်နေပါပြီ။

ဆိုင်ကလုန်းမုန်တိုင်းကြီးအဆင့်ကို ပြန်လျော့ကျရောက်လာပြီဖြစ်တဲ့ မုန်တိုင်းကြီးဟာ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်း "ဂွ"မြို့ဆီကို ဆက်လက် ရွေ့လာတဲ့အခါမှာတော့ ချောင်းသာကမ်းခြေဟာ မုန်တိုင်းဗဟိုချက်နဲ့ ရင်ပေါင်တန်း အနေအထားမှနေပြီး နောက်ဘက် ကို ရောက်ရှိသွားတဲ့အချိန်မှာတော့ ချောင်းသာမှာ လေတိုက်ရာလမ်းကြောင်းဟာ ရုတ်တရက် ပြောင်းလဲသွားပြီး ပင်လယ်ဘက်မှလေများဟာ ကုန်းတွင်းပိုင်းဘက်ကို တိုက်လာတော့တာနဲ့အတူ ပင်လယ်ပြင်မှ "မုန်တိုင်းဒီရေ"များ ချောင်းသာကမ်းခြေကို အရှိန်နဲ့တိုးဝင်လာတော့တာပါပဲ။ အဲဒီအချိန်ဟာ နံနက် ၁၀နာရီခွဲခန့် ဖြစ်ပါတယ်။ မုန်တိုင်းဒီရေတွေဟာ ပုံမှန် ဒီရေအမြင့်ရဲ့အထက် ၁၁ပေ လောက်အထိ ကျော်လွန်တက်ခဲ့တဲ့အတွက် ဟိုတယ်တွေ၊ လမ်းတွေ အထိ ရေတွေတိုးဝင်လာရာမှာ လမ်းမပေါ်မှာဆိုရင် ရင်ခေါင်းလောက်အထိ ရောက်တဲ့တိုင်အောင်ပါပဲ။ ဒီအချိန်မှာ မုန်တိုင်းရဲ့ဗဟိုချက်ဟာ ကမ်းကို မဖြတ်သေးပါဘူး။ ဂွမြို့ရဲ့ အနောက် တောင်ဘက် မိုင် ၂၀ လောက်အကွာ ရေပြင်ပေါ်မှာရှိနေဆဲ ဖြစ်ပါတယ်။ ဂွမြို့မှာတော့ တစ်နာရီမိုင် ၈၀ ခန့်ပြင်းထန်တဲ့ လေတွေ တိုက်နေပါပြီ။ ချောင်းသာကမ်းခြေရဲ့ အနောက်ဘက် ရေပြင်ပေါ်ကနေ အရှေ့မြောက်ယွန်းယွန်းကို ဦးတည် ပြီး ဂွမြို့ရှိရာကို ဆက်လက် ရွေ့လျားနေခဲ့ပါတယ်။ အဲဒီဗဟိုချက်ဟာနောက်နှစ်နာရီခန့်အကြာ ၂၉ရက်နေ့ မွန်းလွဲ ၁၂နာရီခွဲခန့်မှာမှ ဂွမြို့ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ ဒီအချိန်မှာတော့ ဂွမြို့မှာ လေအပြင်းထန်ဆုံးဖြစ်ပြီး တစ်နာရီမိုင် ၁၂၀လောက်အထိ တိုက်ခတ်ခဲ့ပါတယ်။ ဒီအချိန်မှာ ချောင်းသာမှာတော့ ရေပြန်ကျစပြုနေပြီဖြစ်ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်းဟာ ဂွမြို့အနီးကနေ ကမ်းခြေကို ဖြတ်ကျော်ပြီး ကုန်းတွင်းပိုင်းကို ဝင်ရောက်ခဲ့ပြီးတဲ့နောက် ပျက်ပြယ်မသွားဘဲ ကုန်းတွင်းမုန်တိုင်းအဖြစ်နဲ့ ဆက်လက်တည်ရှိနေခဲ့ပြန်ပါတယ်။ ရိုးမကို ကျော်ပြီးတဲ့ နောက် အရှေ့မြောက်အရပ်ကို ဦးတည်ကာ မြန်မာနိုင်ငံအတွင်းပိုင်း ဒေသများကို ဆက်လက် ဖြတ်သန်းသွားခဲ့ပြန်တဲ့အတွက် ပြည်မြို့မှာ ည ၁၀နာရီလောက်မှာ တစ်နာရီမိုင် ၈၀လောက်ရှိတဲ့ လေပြင်းတွေ တိုက်သွားခဲ့တာကို တွေ့ရပါတယ်။အဲဒီနောက်မှာတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီကို ဆက်လက် ဦးတည်သွားရင်းနဲ့ ရေငွေ့ပံ့ပိုးမှုမရတော့တဲ့ ကုန်းတွင်း မုန်တိုင်းတို့ရဲ့ သဘာဝအတိုင်း ဧပြီလ ၃၀ရက်နေ့ နံနက်ပိုင်းလောက်မှာ အားပျော့ပျက်ပြယ်သွားခဲ့ပါတယ်။

ဒီနေရာမှာ အပူပိုင်း မုန်တိုင်းများအကြောင်း အနည်းငယ်ကြားဖြတ်ပြီး ပြောလိုပါတယ်။ **ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေရဲ့ လေတိုက်နှုန်းဟာ အနိမ့်ဆုံး တစ်နာရီမိုင်၄၀နှုန်းလောက်ကနေ အမြင့်ဆုံး တစ်နာရီ မိုင်၂၄၀လောက်အထိ ရှိတတ်ပါတယ်။ လေတိုက်နှုန်း တစ်နာရီ၇၅မိုင်နှုန်းရဲ့အထက် ကျော်လွန်လာရင် အားအလွန်ကောင်းလာပြီလို့ သတ်မှတ်ပါတယ်။ ဒီအဆင့်ရောက်လာတဲ့ မုန်တိုင်းတွေကို မုန်တိုင်းဖြစ်တဲ့ အရပ်ဒေသကိုလိုက်လို့ ဟာရီကိန်း(စပိန်–မုန်တိုင်းများ၏သခင်)၊ တိုင်ဖွန်း (တရုတ်–ကြီးမားသောလေ)၊ ဆိုင်ကလုန်း(ဂရိစကား–ခွေနေသောမြွေ)၊ ဝီလီဝီလီစတဲ့ ဒေသအမည်တွေနဲ့ ခေါ်ကြပါတယ်။** တစ်ခါ အဲဒီအဆင့် ရောက်လာတဲ့မုန်တိုင်းတွေကို လူအမည်တွေနဲ့လဲတွဲပြီး သုံးလာကြပါ တယ်။ ဥပမာ ကက်ထရီနာ(Katrina)၊ ရီတာ(Rita)၊ အင်ဒရူး (Andrew) စသဖြင့် ခေါ်ဝေါ်လေ့ရှိပါတယ်။ အစကတော့ အမျိုးသမီး အမည်တွေကို အသုံးများခဲ့ပါတယ်။ ခန့်မှန်းရခက်ခဲတာကို အကြောင်းပြုပြီး သုံးခဲ့ကြတယ်လို့လဲ ဆိုကြပါတယ်။ အခုတော့ အမျိုးသမီး၊ အမျိုးသား နှစ်မျိုးလုံးရဲ့ အမည်တွေကို သုံးနေကြပါပြီ။ ဘာပဲပြောပြော တစ်နည်းပြောရရင် အမည်တပ်ထားတဲ့ မုန်တိုင်း–ဟာရီကိန်း၊ တိုင်ဖွန်း၊ ဆိုင်ကလုန်း၊ ဝီလီဝီလီလို့ ခေါ်ထားတဲ့ မုန်တိုင်းဆိုတာနဲ့ အားအလွန်ကောင်းတဲ့ မုန်တိုင်းဆိုတာ သိနိုင်ပါတယ်။ အာရေဗျပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ ဒီလိုအမည်တပ်ခေါ်ဝေါ်တဲ့စနစ် ကျင့်သုံးလာတာ မကြာသေးပါဘူး။ ညှိနှိုင်း ဆွေးနွေးမှုများမှ ရလာခဲ့တဲ့ ဒီအမည်တွေကို သုံးဖို့စောင့်နေခဲ့ရာမှာလဲ အားကောင်းတဲ့ မုန်တိုင်းတွေ သိပ်မဖြစ်တာကြောင့် ဖောဖောသီသီ မသုံးခဲ့နိုင်သေးပါဘူး။ ဒီနှစ်မှာတော့ ဒါပထမဆုံးပါပဲ။ မာလာ (MALA)တဲ့။ အင်္ဂလိပ်အက္ခရာ M ဆိုတော့ ရှေ့က L အထိ သုံးခဲ့ပြီးပြီဆိုတဲ့ သဘောပါပဲ။ မြန်မာနိုင်ငံအနေနဲ့တော့ အမည်အတပ်ခံထားရတဲ့ မုန်တိုင်းဖြတ်တာ ဒါပထမဆုံးပါပဲ။

အားကောင်းတဲ့ မုန်တိုင်းတစ်ခုရဲ့ အဖျက်အင်အားစုဟာ သုံးမျိုးရှိပါတယ်။ သွန်ချသလို မိုးရွာတတ်ခြင်း (Torrential rain)၊ အလွန်ပြင်းထန်တဲ့ လေတိုက်ခတ်တတ်ခြင်း(Violent winds)နဲ့ ပင်လယ်ပြင်မှမုန်တိုင်းဒီရေများ(Storm surges) ကမ်းခြေဒေသများကို တက်ရောက်လာတတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ အများဆုံးပမာဏ အနေနဲ့ပြောရရင် မုန်တိုင်းတစ်လုံးဟာ ၂၄နာရီအတွင်း မိုးရေချိန် ၄၆လက်မအထိ ရွာသွန်းဖူးပါတယ်။ ဒါဟာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများရဲ့ တစ်နှစ်ပတ်လုံး ရွာသွန်းတဲ့ မိုးရေချိန်ပမာဏထက် ကျော်လွန်ပါတယ်။ တစ်နာရီမိုင် ၂၄၀ ကျော်အထိ လေပြင်းတိုက်ဖူးပါတယ်။ မီတာ ၃၀ လောက်အထိ မြင့်မားတဲ့ မုန်တိုင်း ဒီရေလှိုင်းကြီးတွေ ဖြစ်ဖူးပါတယ်။ ၁၉၇၀ပြည့်နှစ် နိုဝင်ဘာလ ၁၀ရက် ညအချိန်မှာ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်လို့ ၁၅မီတာလောက်ရှိတဲ့ မုန်တိုင်းဒီရေများ ဝင်ခဲ့တုန်းက လူပေါင်း သုံးသိန်းခွဲကျော်ဟာ တစ်ညတည်းမှာ **စာမျက်နှာ ၇ ကော်လံ ၁သို့**



ဘဂ္ဂဒက်တွင် လူနာတင်ယာဉ်မောင်း တစ်ဦးအား ယာဉ်ရပ်တန့်မပေး၍ ကန်တပ်ဖွဲ့ဝင်များက ပစ်သတ်

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အလယ်ပိုင်းဒေသတွင် အမေရိကန်ကင်းလှည့်ယာဉ်တစ်စီးအနီး လမ်းဘေးဗုံး ဖောက်ခွဲခံရသည့် နေရာတွင် ယာဉ်ရပ်တန့်မပေးမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက လူနာတင်ယာဉ်မောင်း အီရတ်နိုင်ငံသား တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီး သတင်းရပ်ကွက်က ပြောကြားသည်။

ဝါဒီရီယာခရိုင်ရှိ တူရကီသံရုံးအနီးတွင် အမေရိကန် ကင်းလှည့်ယာဉ်အနီး နံနက် ၉ နာရီခွဲခန့်က လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းဒေသကို အသွားအလာ ပိတ်ထားသည်ဟု အဆိုပါ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အီရတ် လူနာတင်ယာဉ် တစ်စီးသည် အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြောင်း သို့ရာတွင် အဆိုပါယာဉ်က အမေရိကန် တပ်ဖွဲ့ဝင်များအနီးတွင် ရပ်မပေးသောကြောင့် တပ်ဖွဲ့ဝင်များက ယာဉ်မောင်းကို ပစ်သတ်ခဲ့ကြောင်း သတင်းရပ်ကွက်က ထပ်လောင်းပြောကြားသည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားခြင်း မရှိသေးပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ပေကျင်းမြို့ ပန်းခြံတစ်ခုအတွင်း ခွေးနှစ်ကောင်ရေကူးပြိုင်ပွဲဝင်နေသည်ကို မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ရုရှားပင်လယ်နက် အပန်းဖြေစခန်းမြို့ဖြစ်သော ဆိုချီမြို့အနီးတွင် ဗုဒ္ဓဟူးနေ့က ပျက်ကျခဲ့သည့် လေယာဉ်၏ အပျက်အစီးအပိုင်းအစတစ်ခု မျောပါနေသည်ကို မေ ၄ ရက် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အဲဘတ်စ်လေယာဉ် ပျက်ကျ၊ လိုက်ပါလာသူ ၁၁၃ဦးစလုံး သေဆုံး

မော်စကို မေ ၄

ခရီးသည် ၁၁၃ ဦး လိုက်ပါလာသော အာမေးနီးယားလေယာဉ်သည် မေ ၃ ရက်တွင် ရုရှားနိုင်ငံတောင်ဘက် ပင်လယ်နက်အတွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်နှင့် လေယာဉ်ဝန်ထမ်းအဖွဲ့ဝင်အားလုံး သေဆုံးကြောင်း တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ် ပျက်ကျရာ ပင်လယ်နက် ရေပြင်တွင် လေယာဉ်ပေါ်ပါ ဝန်စည်များ၊ လေယာဉ်ပျက်အပိုင်းအစနှင့် ဆီကွက်များကို ကယ်ဆယ် ရေးဝန်ထမ်းများက တွေ့ရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဒေသဆိုင်ရာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တွေ့ရှိ

အက်ဒ်လာလေဆိပ်ရှိရာ ကမ်းခြေမှ ခြောက်ကီလိုမီတာအကွာတွင် အဆိုပါ ပစ္စည်းအပိုင်းအစများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်စ်တော်ဘက်ဆို့ဖ်က ပြောကြားသည်။

အဲဘတ်စ် ၃၂၀ လေယာဉ်သည် ဂျော်ဂျီယာနယ်စပ်အနီး ရုရှားအပန်းဖြေစခန်း ဆိုချီဝန်းကျင်မှ နံနက် ၂ နာရီ ၁၅ မိနစ်အချိန်တွင် ရေဒါမြင်ကွင်းပေါ်မှ ပျောက်ကွယ်သွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သုံးစင်းရှိ

ပျက်ကျခဲ့သော လေယာဉ်သည် အာမေးနီးယားလေကြောင်း လုပ်ငန်းပိုင် လေယာဉ်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းသည် ယခင်ဆိုဗီယက်ပြည်ထောင်စု၌ ထိုစဉ်က အကြီးဆုံး လေကြောင်းလုပ်ငန်းဖြစ်ကြောင်း၊ ထိုလေကြောင်းမှ အဲဘတ်စ် ၃၂၀ လေယာဉ်ပျက်ကျခဲ့သည်မှာ သုံးစင်းရှိပြီ ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လိုက်ပါလာ

အဆိုပါ လေယာဉ်ပေါ်၌ ကလေးငါးဦးထက်မနည်း လိုက်ပါလာသည်။ မိုးသည်းထန်ခြင်းနှင့် ရာသီဥတု အခြေအနေ မကောင်းမွန်ခြင်းတို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲလျက်ရှိသည်။

အင်တာနက်။

အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၄၀၇ ဦး ရှိပြီ

ဝါရှင်တန် မေ ၄

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်မှစ၍ ၂၀၀၆ခုနှစ် မေ ၃ရက်အထိ ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၄၀၇ဦးထက်မနည်း ရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတွင် ဖော်ပြထားသည်။

အထက်ပါ သေဆုံးစာရင်းတွင် ကန်စစ်ဘက်တာဝန်ကို ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားဝန်ထမ်းခုနစ်ဦး၏ စာရင်းလည်းပါဝင်သည်။ ကန်တပ်ဖွဲ့ဝင် စုစုပေါင်းသေဆုံးစာရင်းအနက် ၁၈၉၃ ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အေပီသတင်းဌာန၏ သေဆုံးစာရင်းမှာ ကန်စစ်ဘက်မှ ထုတ်ပြန်သော စာရင်းနှင့် နှိုင်းယှဉ်လျှင် တစ်ဦး ပိုမိုများပြားသည်ဟု ဆိုသည်။

အင်တာနက်

ဗြိတိန်အစိုးရက လုပ်ငန်းများ လျှော့ချ ဝန်ထမ်း ၉၀၀၀၀ ခန့် ကန့်ကွက် ဆန္ဒပြ

လန်ဒန် မေ ၄

ဗြိတိန်အစိုးရက လုပ်ငန်းများ လျှော့ချနေမှုကိစ္စနှင့် စပ်လျဉ်း၍ ဗြိတိန်ဝန်ထမ်းများနှင့် အစိုးရ အငြင်းပွားနေစဉ် ဝန်ထမ်း ၉၀၀၀၀ တို့က မကျေမနပ်ဖြစ်ကာ အင်္ဂါနေ့ စတင်ပြီး နှစ်ရက်ကြာ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ထိုဖြစ်ရပ်သည် ကြာသပတေးနေ့ ဒေသန္တရ ရွေးကောက်ပွဲများ မကျင်းပမီ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ လေဘာပါတီအပေါ် နောက်ထပ် ထိုးနှက်ချက်တစ်ရပ် ဖြစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လုပ်ငန်းနှင့် ပင်စင်ဌာနရှိ ဝန်ထမ်းနေရာ ၃၀၀၀၀ ကို ဗြိတိန်အစိုးရက လျှော့ချရေး ကာကွယ်နိုင်ရန်အတွက် ပြည်သူ့ကူးသန်းရောင်းဝယ်ရေးသမဂ္ဂ (ပီစီအက်စ်) ဝန်ထမ်းများ၊ အစိုးရထောက်ပံ့ကြေးရုံးမှ လုပ်သားများနှင့် ကလေးများထောက်ပံ့ရေးဌာနမှဝန်ထမ်းများသည် ဆန္ဒပြနေကြသည်ဟု ပီစီအက်စ်မှ ပြောရေးဆိုခွင့်ရှိသူ မတ်ဆာဝါကာက ပြောကြားသည်။

ဗြိတိန်အစိုးရက လုပ်ငန်းများ လျှော့ချရေးကိစ္စကို ရပ်ဆိုင်းရန် မိမိတို့ ဆန္ဒပြနေကြောင်း၊ လုပ်ငန်း ၁၇၀၀၀ ခန့် လျှော့ချပြီး ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ယင်းကိစ္စနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုပြဿနာသည် ပိုမိုဆိုးရွားသည့် အဆင့်အထိ ရောက်လာမည်ကို စိုးရိမ်နေရသည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

မည်သို့ပင်ဖြစ်စေကာမူ ဆန္ဒပြမှုသည် ဗြိတိန်နိုင်ငံတွင် ကျင်းပတော့မည့် ဒေသန္တရကောင်စီ ရွေးကောက် ပွဲတွင် လေဘာပါတီအထိနာစေရန် ချိန်ကိုက်လှုပ်ရှားခြင်းဖြစ်သည်ဟု စွပ်စွဲမှုသည် မမှန်ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ငြင်းဆန်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မွမ်ဘိုင်းမြို့တွင် ကားတစ်စီး ချောင်းထဲသို့ကျ လူ ၂၈ ဦး သေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရ

နယူးဒေလီ မေ ၄

ခရီးသည် အပြည့်အသိပ်စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အနီးရှိ သိန်းခရိုင်မှ ချောင်းအတွင်း ထိုးကျခဲ့သဖြင့် လူ ၂၈ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားလူ ၃၅ ဦး အင်္ဂါနေ့တွင် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသခံ ရဲတပ်ဖွဲ့က ပြောကြားသည်။

ခရီးသည် ၅၀ ကျော် တင်ဆောင်လာသည့် အဆိုပါ ဘတ်စ်ကားသည် မွမ်ဘိုင်းမြို့ ဆင်ခြေဖုံးဒေသမှ သိန်းဒေသသို့ အလာလမ်းတွင် လမ်းချော်ကာ တံတားနံရံကို ဝင်တိုက်မိပြီး ချောင်းအတွင်း ထိုးကျခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်ကြောင့် လူ ၂၈ ဦး သေဆုံးပြီး လူ ၃၅ ဦးနီးပါး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရရှိသူအချို့မှာ အခြေအနေဆိုးရွားသည်ဟု အိန္ဒိယ–အာရှသတင်းဌာနက မာဟာရက်ရှ်တရာ ဒေသမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ် တစ်ဦးဖြစ်သည့်ပတေးလ်ကို ကိုးကား၍ ဖော်ပြသည်။

ဆယ်ယူ

ဘတ်စ်ကားမောင်းသူက ယာဉ်ကို မထိန်းချုပ်နိုင်ခဲ့သဖြင့် ချောင်းအတွင်း ကျခဲ့ခြင်း ဖြစ်ဖွယ်ရှိသည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ပျက်စီးနေသည့် ဘတ်စ်ကားကို ချောင်းအတွင်းမှ ဆယ်ယူခဲ့ရသည်ဟု ဆိုသည်။

ဘတ်စ်ကားသည် အရှိန်မြင့်မောင်းနှင်မှုကြောင့် ယင်းသို့ ချောင်းအတွင်း ထိုးကျခဲ့ဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သြစတြေးလျနိုင်ငံ၏ နာမည်ကျော် ရေအောက်သန္တာကျောက်တန်းများကို လေ့လာနေသောကမ္ဘာလှည့်ခရီးသည် ရေငုပ်သမားတစ်ဦးအား မေ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သည့် BBC၏ သတင်းဖော်ပြချက် ရှေ့နောက်ညီညွတ်မှု မရှိ

လန်ဒန် မေ ၄

အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သည့် ဗြိတိသျှ အသံလွှင့်ကော်ပိုရေးရှင်း (BBC)၏ သတင်းဖော်ပြချက်သည် ရှေ့နောက် ညီညွတ်မှုမရှိ၊ ပြည့်စုံမှုမရှိသည့်အတွက် လမ်းလွဲသို့ရောက်ရှိစေကြောင်း လွတ်လပ်သည့် လေ့လာရေးအဖွဲ့တစ်ဖွဲ့၏ ဖော်ပြချက်အရ သိရှိရသည်။

ဦးဆောင်

အစ္စရေး- ပါလက်စတိုင်း ပဋိပက္ခနှင့် စပ်လျဉ်းသည့် BBC၏ သတင်းဖော်ပြချက်သည် သွယ်ဝိုက်၍ အစ္စရေးဘက်သို့လိုက်သည်ဟု ရုပ်ရှင်အကဲဖြတ်ဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဆာကွင်တင်သောမက်စ် ဦးဆောင်သည့် လေ့လာရေးအဖွဲ့က ပြောကြားသည်။

ပါလက်စတိုင်း လူမျိုးများသေဆုံးမှုထက် အစ္စရေးလူမျိုးများ သေဆုံးသည့်သတင်းများကိုသာ ပိုမိုဖော်ပြနေသည်ဟု အဆိုပါလေ့လာရေးအဖွဲ့က ပြောကြားသည်။

BBC အစီအစဉ်များတွင် ပါလက်စတိုင်း လူမျိုးများက အစ္စရေးလူမျိုးတစ်ဦးထက်ပိုမို၍ သေနတ်သို့တည်းမဟုတ် ဗုံးများဖြင့် တိုက်ခိုက်သတ်ဖြတ်နေသည့် သတင်းများဖော်ပြနေစဉ် BBC သတင်းများတွင် ပါလက်စတိုင်း သေဆုံးသည့်သတင်းကို ရာခိုင်နှုန်းအနည်းငယ်သာ ဖော်ပြခဲ့သည်ဟု ဆိုသည်။

ပျက်ကွက်

တစ်ချိန်တည်းတွင် ပါလက်စတိုင်း လူမျိုးများ နေ့စဉ်စားသောက်ရန်းကန်နေသည့် ဘဝနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို BBCက သတင်းအဖြစ် စိုးစဉ်းမျှသာ ဖော်ပြခဲ့ပြီး အစ္စရေးနှင့် ပါလက်စတိုင်းလူမျိုးများအတွင်း ကွဲပြားခြားနားနေမှုအပေါ် ပြည့်ပြည့်စုံစုံ သတင်းဖော်ပြရန် ပျက်ကွက်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝိုင်ယီကျွန်းရှိ ဆူနာမီရေလှိုင်း သတိပေးရေးစနစ်တွင် ပါဝင်သည့် မြေငလျင်တိုင်းတာရေးစခန်း၌ ပညာရှင်တစ်ဦး စောင့်ကြည့်နေသည်ကို မေ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လျှပ်စစ်ရထားများကို မေ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်နက်မှောင်ခိုသယ်ဆောင်မှု ပေါ်တူဂီရဲတပ်ဖွဲ့က ဖြိုခွင်း

လစ္စဘွန်း မေ ၄

ပေါ်တူဂီနိုင်ငံ အနောက်ဘက်ဒေသတွင် လက်နက် မှောင်ခိုသယ်ဆောင်နေမှုကို မေ ၃ ရက်တွင် ပေါ်တူဂီရဲတပ်ဖွဲ့က ဖမ်းဆီးဖော်ထုတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့အနီး ကာမာရတ်ဒေသတွင် မေ ၃ ရက် နံနက် ၇ နာရီတွင် လက်နက်မှောင်ခို သယ်ဆောင်မှုကို ဖြိုခွင်းခဲ့ကြောင်း၊ အဆိုပါစစ်ဆင်ရေးကို ပြုလုပ်ရာနေရာကို ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင် ၆၀၀ နှင့် ယာဉ်အစီး ၁၅၀ ဝိုင်းဝန်းပိတ်ဆို့ခဲ့ကြောင်း ပြည်သူ့လုံခြုံရေး တပ်ဖွဲ့မှ အထူးလုံခြုံရေး ဒုတိယညွှန်ကြားရေးမှူး ပါလာမွန်တီရိုက ပြောကြားခဲ့သည်။

ဖမ်းဆီးရမိသော ပစ္စည်းများတွင် မောင်းပြန်သေနတ်များ၊ စက်သေနတ်ငယ်များ၊ ပြောင်းတိုသေနတ်၊ ယာဉ်တစ်စီးနှင့် ယူရိုငွေ ၁၅၀၀၀၀ (အမေရိကန်ဒေါ်လာ၁၈၀၀၀၀)တို့ပါဝင်သည်။

ပြည်သူ့လုံခြုံရေးတပ်ဖွဲ့နှင့် ပေါ်တူဂီတရားရေးအဖွဲ့ဝင်တို့သည် လအတန်ကြာ ပူးပေါင်းစုံစမ်းပြီးနောက် အဆိုပါ ပူးပေါင်းစစ်ဆင်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲထောက်လှမ်းရေးမှူး နီတိုဂိုဗီယာက ပြောကြားသည်။ ထိုစစ်ဆင်ရေးကို ထိန်းချုပ်ရေးမျှော်စင် စစ်ဆင်ရေးဟု အမည်ပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဥရောပနိုင်ငံများ၏ မူဝါဒ အီရန် နိုင်ငံခြားရေးဝန်ကြီး ဝေဖန်

တီဟီရန် မေ ၄

ဥရောပနိုင်ငံများ၏ အီရန်နိုင်ငံနှင့် စပ်လျဉ်းသည့် မူဝါဒများအပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီး မန်နိုချီယာ မော့တာကီက အပြင်းအထန် ဝေဖန်ပြောကြားလိုက်ပြီး ယင်းနိုင်ငံများသည် အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုကို အမြဲခံနေရကြောင်း တွေ့ဆုံမေးမြန်းခန်းတွင်မော့တာကီက ပြောကြားသည်။

စီးပွားရေး၊ နိုင်ငံရေးနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများတွင် အီရန်နှင့် ဥရောပနိုင်ငံများ၏ ဆက်ဆံရေးအပေါ် မိမိတို့ ပိုင်းခြားလေ့လာနိုင်ကြောင်း၊ ထို့ပြင်ယင်းနိုင်ငံများက အီရန်နိုင်ငံ တော်လှန်ရေး စတင်ကတည်းက လျော်ကန်မှု မရှိသည့် ဆောင်ရွက်မှုများကိုသာ ချမှတ်လုပ်ဆောင်ခဲ့ပြီး ယင်းအမူအကျင့်အတိုင်း ဆက်လက်ကိုင်စွဲထားခဲ့ကြကြောင်းမော့တာကီက ကေဟန်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

အမေရိကန်အစိုးရ၏ ဦးဆောင်မှုအရ ဥရောပနိုင်ငံများသည် အီရန်နိုင်ငံအပေါ် ဆန့်ကျင်သည့်စွပ်စွဲချက်များသာ အမြဲထုတ်ပြန်နေသည်ဟု ၎င်းက ပြောကြားသည်။

အီရန်အစိုးရသစ် ပေါ်ပေါက်ခဲ့ပြီးနောက် အီရန်နှင့်ဥရောပဒေသအတွင်း ကောင်းမွန်သည့်ဆက်ဆံရေးပြတ်တောက်ခဲ့ရမှုကို ရည်ညွှန်းပြောကြားရာတွင် ဥရောပနိုင်ငံများက အီရန်နိုင်ငံအပေါ် စိမ်းစိမ်းကားကားချဉ်းကပ်ကြပြီးလေသံလျှော့ပြောကြားမှုလည်း မရှိခဲ့ကြောင်း၊ အီရန်နိုင်ငံ၏ ဈေးကွက်များနှင့် ပတ်သက်၍ ၎င်းတို့သည် အငမ်းမရဖြစ်ကာ ဝိသမလောဘတက်လာခဲ့ကြကြောင်းမော့တာကီက ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယား ပြဿနာအပေါ် အကျပ်ကိုင်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ယူရေနီယံသန့်စင်ရေးလုပ်ငန်းရပ်ဆိုင်းစေသည့် ဆုံးဖြတ်ချက်ချနိုင်ရန် ကြိုးပမ်းနေကြကြောင်း၊ ယင်းသို့ဖိအားပေးအကျပ်ကိုင်မှုကို အီရန်က အညံ့ခံမည်မဟုတ်ကြောင်း မော့တာကီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးယောက်မြို့ မီးလောင်မှု အမေရိကန်တွင် ၁၀စုနှစ်အတွင်း အဆိုးရွားဆုံးဖြစ်

နယူးယောက် မေ ၄

အမေရိကန်နိုင်ငံ ဘရွတ်ကလင်းဒေသရှိ အိစ်ရေးဗား (အရှေ့မြစ်) ကမ်းနားတစ်လျှောက်မှ ဂိုဒေါင်တစ်လုံး အင်္ဂါနေ့က မီးလောင်ခဲ့ရာ မီးသတ်သမားများ ယခုတိုင် မီးကြွင်းမီးကျန်များကို မီးငြိမ်းသတ်နေဆဲဖြစ်ပြီး စက်တင်ဘာ ၁၁ ရက်က အတိုက်ခံရသည့်ဖြစ်ရပ် ထည့်တွက်ခြင်းမရှိပါက ယခု ဖြစ်ရပ်သည် ၁၀ စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးဖြစ်ရပ်ပင် ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

နံနက်ပိုင်းမှစတင်လောင်ကျွမ်းခဲ့သည့် မီးကြောင့် မီးခိုးလုံးကြီးများ ကောင်းကင်ယံသို့ တက်လာပြီး မိုင်ပေါင်းများစွာအကွာမှလှမ်း၍ မြင်နိုင်ကာ မီးသတ်သမားရာချီ၍ မီးကို မီးငြိမ်းသတ်နေခဲ့ကြရသည်။

ဂိုဒေါင်များနှင့် ယင်းဂိုဒေါင်များအတွင်းထားရှိသည့် ပစ္စည်းများမှာ မီးလောင်လွယ်ကြောင်း၊ မီးလောင်မှုကြောင့် အပူချိန် ပြင်းထန်ပြီး မီးငြိမ်းသတ်ရသည်မှာ ခက်ခဲလှကြောင်း၊ ယင်းကြောင့် သတိကြီးစွာထား၍ မီးငြိမ်းသတ်နေရကြောင်းမီးသတ်ဌာနမှတာဝန်ရှိပုဂ္ဂိုလ်နစ်ကိုလပ်စ်စကော့ပက်တာက ပြောကြားသည်။

မီးလောင်မှုသည် ကြီးမားလာပြီး အခြားဂိုဒေါင်ခုနစ်လုံးဆီသို့ ကူးစက်လောင်ကျွမ်းသွားကာ အဆောက်အအုံများ၏ နံရံများ ပြိုကျခဲ့ရသည်။

မီးသတ်သမားအချို့ ထိခိုက်ဒဏ်ရာအနည်းငယ်စီ ရရှိသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တွန်ဂါကျွန်းစုတွင်ပြင်းထန်သည့်မြေငလျင်လှုပ် ဆူနာမီလှိုင်း ကျရောက်ဖွယ်ရှိဟု သတိပေးချက် ထုတ်ပြန်

လန်ဒန် မေ ၄

ရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိ ပြင်းထန်သော မြေငလျင်တစ်ခု တွန်ဂါကျွန်းစုများတွင် လှုပ်သွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ လေ့လာရေး (ယူအက်စ်ဂျီအက်စ်) ဌာန၏ ဝက်ဘ်ဆိုက်တွင် ဗုဒ္ဓဟူးနေ့က သတင်းထုတ်ပြန်ခဲ့ပြီး ဆူနာမီ ဒီလှိုင်းများ ဖီဂျီနှင့် နယူးဇီလန်ဒေသတို့တွင် ရောက်ရှိလာနိုင်ကြောင်းကိုပါ သတိပေးချက် ထုတ်ပြန်ထားသည်။

ငလျင်လှုပ်မှုကြောင့် ဆူနာမီကဲ့သို့သော လှိုင်းများ ဆူဗာ၊ ဖီဂျီ၊ ဂစ်ဇဘွန်းနှင့် နယူးဇီလန်ဒေသများသို့ ရောက်ရှိလာနိုင်သည်ဟု ဖော်ပြထားသည်။

ဆူနာမီဒီလှိုင်း ဖြစ်၊မဖြစ်မသိရသေးကြောင်း ယင်းသတိပေးချက်သည် မြေငလျင်လှုပ်မှုအပေါ် အခြေခံ၍ ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ လှုပ်သွားခဲ့သည့် ငလျင်၏ ပြင်းထန်မှုအနေအထားအရ ဆူနာမီဒီလှိုင်းကျရောက်ဖွယ်ရှိကြောင်း ပစိဖိတ်ဆူနာမီဌာနက ပြောကြားသည်။

ဖော်ပြပါမြေငလျင်သည် ဒေသစံတော်ချိန် နံနက် ၄နာရီ ၂၆မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ပြီး မြေပြင်အောက်အနက် ၁၆ ဒသမ ၁ ကီလိုမီတာ (၁၀မိုင်) အနက်မှ လှုပ်ခဲ့ခြင်းဖြစ်သည်ဟု လန်ဒန်တွင် ဖမ်းယူရရှိသည့် ဝက်ဘ်ဆိုက်သတင်းအရ သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။



ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ ဘုရင့်နန်းတော်ရှိ အစောင့်တပ်ဖွဲ့ဝင်တစ်ဦးကို မေ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လားရှိုးမြို့တွင် ခြစ်စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မေ ၂ရက်တွင် လားရှိုးမြို့ရှိ အမှတ်(၃) ကုန်းမြင့်ယာမြေ နှင်းနှင်းခိုင် ကုမ္ပဏီလီမိတက်၏ ခြစ်စည်းရိုးကြက်ဆူပင်စံပြဧက ၁၀၀၀စိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ခံဦးကျော်မြင့်က အမှတ်(၃)ကုန်းမြင့်ယာမြေ၌ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ဧက၁၀၀၀ကို စက်ယန္တရားအင်အားများ၊ လူအင်အားများဖြင့် မြေလွတ်မြေရိုင်းများဖော်ထုတ်၍ ခြစ်စည်းရိုးကြက်ဆူပင် ၁၄၅ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တိုင်းစစ်ဌာနချုပ်၏ ခြစ်စည်းရိုးကြက်ဆူပင်မျိုးသန့်မျိုးပွား စိုက်ခင်းများမှ မျိုးသန့်မျိုးစေ့များ၊ ပျိုးပင်များ၊ မျိုးကိုင်းပင်များနှင့် ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာများကို ဒေသခံတောင်သူများ၊ လုပ်ငန်းရှင်များသို့ အခမဲ့ အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မျိုးသန့်စိုက်ခင်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနေမှုနှင့် ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၌ ခြစ်စည်းရိုးကြက်ဆူပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးသွားကြရန် မှာကြားသည်။

ဆက်လက်၍ ကြက်ဆူပင် စိုက်ပျိုးပွဲကို ကျင်းပရာ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် တက်ရောက် လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့ ခေါင်းဆောင်များအား ခြစ်စည်းရိုး ကြက်ဆူပျိုးပင်များကို စိုက်ပျိုးရန် တစ်ဦးချင်းဝေငှပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြစ်စည်းရိုးကြက်ဆူပင် စံပြ ဧက ၁၀၀၀ စိုက်ခင်းအတွင်း ခြစ်စည်းရိုးကြက်ဆူပင် စနစ်တကျခွဲခြား၍ မြောင်းစနစ်ဖြင့် မြေပြုပြင်၍ စိုက်ပျိုးရန် ဆောင်ရွက်ပြီးစီးနေမှုနှင့် စိုက်ပျိုးရေးပညာပေး ခင်းကျင်းပြသထားသော အထူးအထွက် ကောင်း ကြံပင်များ၏ အရင်းပိုင်း၊ အလယ်ပိုင်းနှင့် အဖျားပိုင်း ခွဲခြားထားရှိမှုနှင့် အထူးအထွက်ကောင်းကြံမျိုးများ စုဆောင်းရောက်ရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗလမင်းထင်ကုမ္ပဏီ လီမိတက်မှ စိုက်ပျိုးရေးတာဝန်ခံ ဦးခင်မောင်မြင့်က တစ်ဧကတန် ၅၀ တကျ စိုက်ပျိုးထားသော ခြစ်စည်းရိုး ကြက်ဆူမျိုးကိုင်းပင် တစ်သိန်း တစ်သောင်းရှစ်ထောင့်ရှစ်ရာ၏ ရှင်သန် ကြီးထွားနေမှု၊ နှစ်တိုနာနတ်ပင် တစ်သိန်းနှစ်သောင်းငါးထောင်မှ အသီး များဖြင့် ဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများနှင့် အုန်းဆန်ပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုအခြေ အနေ များကို လှည့်လည် ကြည့်ရှုအားပေး ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် မျိုးစေ့ထုတ်ဇုန်အတွင်းရှိ တစ်ဧက တန် ၅၀ထွက် အထူး အထွက်ကောင်းကြံ စံပြဧက ၃၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်း အတွင်း အထူးအထွက်ကောင်း ကြံပင် များ အရင်းပိုင်း၊ အလယ်ပိုင်း၊ အဖျား ပိုင်း စနစ်တကျခွဲခြား၍ ဘောင်များဖြင့် စနစ်တကျ စိုက်ပျိုးထားရှိမှု၊ အထူး အထွက်ကောင်းကြံပင်များမှ ကြံအဆစ်

စိုက်ပျိုးပေး

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ခြစ်စည်းရိုး ကြက်ဆူပင်ပျိုးများကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

ပျိုးများကို သတ်မှတ်နေရာများ၌ ပါဝင် စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြ သူများ၏ ခြစ်စည်းရိုးကြက်ဆူပျိုးပင် ငါးသောင်းကို တပျော်တပါး စုပေါင်း စိုက်ပျိုးနေမှုနှင့် စိုက်ခင်းအတွင်း ခြစ်စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီး မှု၊ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေ များကို လှည့်လည်ကြည့်ရှုအားပေး ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီး တို့သည် အမှတ်(၄) ကုန်းမြင့်ယာမြေ၌ ဗလမင်းထင် ကုမ္ပဏီလီမိတက်၏ တစ်ဧကတန် ၅၀ထွက် အထူးအထွက် ကောင်းကြံသုတေသန စံပြ ၁၀ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်း အတွင်းနှစ်ရှည်အုန်းဆန်ပင်များအကြား ၌ အထူးအထွက်ကောင်းကြံများကို အရင်းပိုင်း၊ အလယ်ပိုင်းနှင့် အဖျားပိုင်း ထွက် အထူးအထွက်ကောင်းကြံပင်များ စိုက်ပျိုးရန် ဆောင်ရွက်နေမှုအခြေအနေ များနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အထူးအထွက် ကောင်း ကြံပင်များ ဖြစ်ထွန်း အောင်မြင်အောင် စိုက်ပျိုးရေးနှင့် တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားကြ သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီး တို့သည် လားရှိုးမြို့အထွက် အမှတ်(၁) ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ မျိုးစေ့ ထုတ် ဇုန်အတွင်းရှိ ခြစ်စည်းရိုး ကြက်ဆူပင်၊ နှစ်တို နာနတ်ပင်နှင့် နှစ်ရှည်အုန်းဆန်ပင် စံပြမျိုးသန့်မျိုးပွား သီးညှပ်စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း တိုက်ရိုက် ကိုင်းထိုး စနစ်ဖြင့် ပင်ကြားတန်းကြား၌ စနစ် များဖြင့် စတင်ထွက်ရှိ ဖြစ်ထွန်း အောင်မြင် နေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့် နှင့်အဖွဲ့ဝင် များ လိုက်ပါလျက် မေ ၃ရက်တွင် လားရှိုးမြို့ရှိ တိုင်းစစ်ဌာနချုပ်၏ ပျားလိမ္မော်ပင် ၅၀၀ စံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း ပျားလိမ္မော်ပင်များမှ အသီးများစတင် ထွက်ရှိ ဖြစ်ထွန်းအောင်မြင်နေမှု အခြေ အနေများကိုလှည့်လည်ကြည့်ရှုအားပေး ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လားရှိုးတပ်နယ် နယ်မြေခံ တပ်ရင်း၏ ခြစ်စည်းရိုး ကြက်ဆူပင် စံပြ ၁၀ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း ပင်ကြားတန်းကြား ၆ပေ x ၆ပေ စိုက်နည်းစနစ်ဖြင့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးထားသော ခြစ်စည်းရိုးကြက်ဆူပင် တစ်သောင်းနှစ်ထောင်၏ သက်တမ်း အလိုက် ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ ခြစ်စည်းရိုး ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြ ဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိ ကြပြီး စိုက်ခင်းအတွင်း တိုက်ရိုက် အစေ့ချ စနစ်နှင့် တိုက်ရိုက်ကိုင်းထိုး စနစ်များဖြင့် ပင်ကြားတန်းကြား ၆ပေx ၆ပေစိုက်နည်းစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထားသော ခြစ်စည်းရိုးကြက်ဆူပင် များ၏ ရှင်သန်ကြီးထွား ဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများ၊ နှစ်ရှည် သစ်ဆိမ့်ပင်များအကြား ခြစ်စည်းရိုး ကြက်ဆူပင်များကို သီးညှပ် အဖြစ် စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စံပြဧက ၁၀၀ စိုက်ခင်းအတွင်း ခြစ်စည်းရိုး ကြက်ဆူပင် စံပြပျိုးခင်းသို့ရောက်ရှိကြ၍ တိုက်ရိုက် အစေ့ချစနစ်ဖြင့် စနစ်တကျ ပျိုးထောင် ထားသော ခြစ်စည်းရိုး ကြက်ဆူပျိုးပင် သုံးသိန်းခြောက်သောင်းနှင့် တိုက်ရိုက် ကိုင်းထိုးစနစ်ဖြင့် စနစ်တကျပျိုးထောင် စိုက်ပျိုးထားသောမျိုးကိုင်းပင် တစ်သိန်း နှစ်သောင်း၏ မြေချစိုက်ပျိုးရန် အသင့် ဖြစ်နေမှုနှင့် ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှု စစ်ဆေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် က တာဝန်ရှိသူများအား မိုးဦးကျစိုက်ပျိုး ရာသီတွင် သက်တမ်းမလွန်မီ အချိန်မီ မြေချစိုက်ပျိုးရေး၊ စိုက်ဧကများ သတ်မှတ်လျာထားချက် ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးရေးနှင့် ဖြစ်ထွန်း အောင်မြင်အောင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌စီမံကိန်း အရ ခြစ်စည်းရိုး ကြက်ဆူပင်ဧက ငါးသိန်း စိုက်ပျိုးရန် လျာထားပြီး ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိက ကုမ္ပဏီများဖြင့် ခြစ်စည်းရိုး ကြက်ဆူပင် ဧကပေါင်း ၂၁၈၂၁ ဒသမ ၇၂ ဧက စိုက်ပျိုးပြီးစီး ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။ အစေ့ချ စိုက်သည့်ဧကမှာ ဧက ၁၄၀၊ ကိုင်းထိုး စိုက်ပျိုးသည့် ဧကမှာ ၂၁၆၈၁ ဒသမ ၇၂ ဧက ဖြစ်ပြီး ယခုအခါ ခြစ်စည်းရိုး ကြက်ဆူပင်များမှာ အောင်မြင် ဖြစ်ထွန်း၍ အသီးများစတင်၍ သီးနေပြီ ဖြစ်ရာ ဇွန်လတွင် ပထမအသုတ်အသီး များကို ဆွတ်ခူးရရှိနိုင်သည့် အခြေအနေ သို့ ရောက်ရှိမည် ဖြစ်ကြောင်းနှင့် ကြက်ဆူသီးများ ဆွတ်ခူးပြီးသည်နှင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိက ကုမ္ပဏီများသို့ မျိုးစေ့များ ဖြန့်ဝေသွားမည့်အပြင် ဘိုင်အိုဒီဇယ်ဆီ များထုတ်လုပ်ကာဒေသတွင်းရှိလယ်ယာ သုံးယာဉ်များတွင် ဒီဇယ်ဆီ အစားထိုး ဆီအဖြစ် စတင်အသုံးပြုသွားမည် ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သဲဖြူတောရ ဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် မေ ၁၂ ရက်မှ ၂၂ရက်အထိ တရားစခန်း ကျင်းပမည် ဖြစ်ရာ ယောဂီများ ဖုန်း–၆၆၂၈၃၆၊ ၆၆၇၇၁၆ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲ အရောက် လာရောက်ကြပါရန် နိုးဆော်ထားသည်။

(က–ပ)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ပြည်နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့ ခေါင်းဆောင် များအား ခြစ်စည်းရိုးကြက်ဆူပျိုးပင်များကို ဝေငှပေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် – ရှည်လျားတဲ့ဘဝသံသရာ**
၉:၁၀ ၁၁။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "ချစ်ချိုပြင်း" သရုပ်ဆောင် အကယ်ဒမီကျော်ဟိန်း၊ စိုးမြတ်သူဇာ**
၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀ ၁၅။ မျှော်လင့်စောင့်စားဂျာမနီကမ္ဘာ့ဖလား
၆:၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း–၃၇)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – "တရားစီရင်ထုံး" (အပိုင်း–၃၀)ဇာတ်သိမ်းပိုင်း**
............၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

❍ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

သေဆုံးခဲ့ဖူးပါတယ်။ မာလာမုန်တိုင်းမှာလဲ ပျက်စီးမှုအတိုင်းအတာ အဲဒီလောက်မကြီးပေမယ့် အဲဒီအဖျက်အန္တရာယ်သုံးမျိုးလုံး တွေ့ခဲ့ရပါတယ်။

နောက်တစ်ခု မာလာနဲ့ပတ်သက်လို့ ကြုံခဲ့ရတာကလေးတစ်ခု ဆက်ပြောပြချင်ပါသေးတယ်။ ဧပြီလ ၂၈ရက်နေ့ ည၁၀နာရီ မိနစ်၂၀မှ ၁၀နာရီ ၂၃မိနစ်လောက်အထိ သုံးမိနစ်လောက်သာ ကြာမြင့်တဲ့အချိန်လေးအတွင်း တစ်နာရီ မိုင် ၂၀၀ကျော်ခန့် ပြင်းထန်တဲ့ လေဆင်နှာမောင်းတစ်ခုဟာ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)၊ ရွှေလင်ဗန်း စက်မှုဇုန်(၂) လူနေရပ်ကွက်များဖြစ်ကြတဲ့ အမှတ်၁၅၊၁၉နဲ့ ၂၃တို့နှင့်အတူ ရွှေလင်ဗန်းရပ်ကွက်တွေမှာ ကျရောက်ခဲ့တာကြောင့် စက်ရုံ၊ အလုပ်ရုံ၊ လူနေအဆောက်အအုံ ၂၀၀ကျော် ထိခိုက် ပျက်စီးခဲ့ရပြီး လူတစ်ဦးသေဆုံးကာ ၂၁ဦး ဒဏ်ရာရခဲ့ပါတယ်။ ဒီလိုပြင်းထန်တဲ့ လေဆင်နှာမောင်းမျိုး ရန်ကုန်မြို့မှာ ကျရောက်ခြင်းဟာ ဒါဟာ ဒုတိယအကြိမ် ဖြစ်ပါတယ်။ ပထမအကြိမ်က ၁၉၅၇ ခုနှစ်ကပါ။ အဲဒီတုန်းက ရန်ကုန်မြို့ ကမ်းနားလမ်းဘက်မှာ ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ဒီလေဆင်နှာမောင်းဟာ မာလာမုန်တိုင်းရဲ့ အကျိုးဆက်ဖြစ်ပါတယ်။ ဧပြီလ ၂၈ရက်နေ့ ညအချိန်မှာ မာလာမုန်တိုင်းဟာ ပုသိမ်မြို့ရဲ့ အနောက်တောင်ဘက် မိုင် ၁၃၀ အကွာ ရေပြင်မှာ ဗဟိုပြုနေခဲ့ပါတယ်။ ဒါပေမယ့် အရှေ့မြောက်ဘက်ကို တစ်နာရီ ခြောက်မိုင်နှုန်းလောက်နဲ့ တိုးဝင်လာနေတဲ့ အချင်းဝက် မိုင် ၂၀၀ လောက်ရှိတဲ့ မုန်တိုင်းစက်ကွင်းကတော့ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းအထိ ရောက်နေခဲ့ပါပြီ။ ဒီအချိန်မှာ ဧရာဝတီနဲ့ ရခိုင်ကမ်းရိုးတန်းဒေသတွေမှာ လေပြင်းဒဏ်ခံနေရပါပြီ။ မုန်တိုင်းတွေရဲ့ ညာဘက်ခြမ်းဟာ အပြင်းထန်ဆုံး လေတွေတိုက်တတ်တဲ့ အခြမ်းဖြစ်လို့ အန္တရာယ်စက်ဝိုင်းခြမ်း (Dangerous semi-circle)လို့ ခေါ်ပါတယ်။ ၂၈ရက်နေ့ ညပိုင်းမှာ ရန်ကုန်မြို့ပေါ်မှာ လျှပ်စီးတွေတဝင်းဝင်း၊မိုးခြိမ်းသံတွေ တဒိန်းဒိန်း တဒိုင်းဒိုင်းနဲ့ မိုးတိမ်တောင်တွေ တန်းစီဖြစ်နေခဲ့ပါတယ်။ အဲဒီတိမ်တောင်တွေဟာ မာလာမုန်တိုင်းရဲ့ ညာရှေ့ဘက်(right front) အပိုင်းမှာ အားကောင်းတဲ့ မုန်တိုင်းတွေမှာ ဖြစ်ပေါ်နေလေ့ရှိတဲ့ လေပုန်းရှေ့ပြေးတိမ်တန်း (Gustfront) အတွင်း ဖြစ်ပေါ်နေခဲ့တဲ့ တန်းစီနေတဲ့ မိုးတိမ်တောင်တွေ ဖြစ်ပါတယ်။ မိုးတိမ်တောင်တွေဟာ မိုးလေဝသဖြစ်စဉ်များစွာကို ဖန်တီးဖြစ်ပေါ်စေတတ်ပါတယ်။ နေရာကွက်၍ မိုးကြီးခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီး ကြွေခြင်း၊ လေဆင်နှာမောင်း၊ ရေဆင်နှာမောင်းဖြစ်စေခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း၊ လေပြင်း တိုက်ခတ်စေခြင်း စတာတွေ ဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ မိုးတိမ်တောင်တွေကသာ ဖြစ်စေလေ့ရှိပါတယ်။ မိုးတိမ်တောင်ကဖြစ်တဲ့ လေပြင်းဟာ လေးမျိုးရှိပါတယ်။ မိုးသက်လေပြင်း (Gale or squall)၊ လေပုန်း(Gust)၊ စိုက်ဆင်းလေပြင်း (Downburst)နဲ့ လေဆင်နှာမောင်း(Tornado) တို့ ဖြစ်ကြပါတယ်။ အဲဒီစာရင်းထဲမှာပါတဲ့ လေဆင်နှာမောင်းဟာ လှိုင်သာယာမှာ ဖြစ်ခဲ့ကြောင်းပါ။ ကုန်းပေါ်ကို ရောက်လာတဲ့ မိုးတိမ်တောင်တွေဟာ အားပြည့်ခြင်းအဆင့် (mature stage)ကို ကျော်လွန်ပြီးတဲ့နောက် ပြိုကွဲ ပျောက်ပျက်သောအဆင့် (dissipating stage)ကို ကူးလာတဲ့ အခါမှာ တိမ်အစိုင်အခဲကြီးဟာ တစ်စစီပြိုကွဲလာပါတယ်။ အဲဒီအထဲက အကျစ်လျစ်ဆုံးတိမ်အစိုင်အခဲဟာ လေဆင်နှာမောင်း ဖြစ်သွားခဲ့ခြင်းဖြစ်ပါတယ်။

လေဆင်နှာမောင်းတွေဟာ အချင်းမီတာရာဂဏန်းမျှသာ ကျယ်ဝန်းတတ်ပြီး သွားရာလမ်းကြောင်းဟာ မုန်တိုင်းများလို အစီအစဉ်တကျ မရှိတတ်ပါဘူး။ မိုင်၂၀ကျော်ထက်ပိုပြီးလဲ မရွေ့လျားတတ်ကြပါဘူး။ သက်တမ်းဟာ နာရီပိုင်းမျှသာ ရှိတတ်ကြပါတယ်။ ဒါပေမယ့် ဗဟိုချက်မှာတော့ လေထုဖိအားဟာ မုန်တိုင်းထက်များစွာပိုပြီး အလွန်အမင်းကျဆင်းသွားတတ်ပါတယ်။ ဒါကြောင့် ဗဟိုချက်ကိုပတ်တိုက်တဲ့ လေတွေဟာ လေတိုက်နှုန်းတစ်နာရီ မိုင်၁၅၀ လောက်ကစပြီး တစ်နာရီမိုင်၆၀၀လောက်အထိ ပြင်းထန်တတ်ပါတယ်။ လေတိုက်ပုံကတော့ သတ်သတ်မှတ်မှတ်မရှိဘဲ နာရီလက်တံလှည့်တဲ့အတိုင်း တိုက်တတ်သလို ပြောင်းပြန်လဲ တိုက်တတ်ပါတယ်။ လေဆင်နှာမောင်းရဲ့ ထူးခြားချက်ကတော့ အဖျက်စွမ်းပကား အလွန်ကြီးမားခြင်းပါပဲ။ လေဆင်နှာမောင်းရဲ့ သွားရာလမ်းကြောင်းမှာ ကျရောက်တဲ့ ဘယ်အရာမဆို ပျက်စီးဆုံးရှုံးမှုဘေး ကြီးမားစွာ ကြုံတွေ့ကြရပါတယ်။ သစ်ပင်များအမြစ်ကျွတ် ပြိုလဲခြင်း၊ အဆောက်အအုံအမိုးများ စုတ်ပြတ်သွားခြင်း၊ အိမ်များပွင့်ထွက်သွားခြင်း၊ ပစ္စည်းများလေတွင် လွင့် မျောစေခြင်း၊ လေဖြင့် စုပ်ယူခံရခြင်း၊ လိမ်ချိုးသကဲ့သို့ ခေါက်ကွေး ပျက်စီးခြင်းစတာတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အမြတ်တွေရလိုက်တာရှိပါတယ်။ မာလာမုန်တိုင်းကို ငါးရက်လောက် ကြိုပြီး ကြေညာသတိပေးနိုင်ခဲ့တယ်။ ဖြတ်သန်းမယ့် နေရာ၊ အချိန်တို့ကို အနီးစပ်ဆုံး ခန့်မှန်းကြေညာပေးနိုင်ခဲ့တယ်။ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအတွက် ဌာနပေါင်းစုံ ပူးပေါင်းမှု၊ နယ်မြေဒေသခံ တာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တယ်။ သတင်း အချက်အလက်များကို နောက်ဆုံးနှစ်ရက်ဖြစ်တဲ့ ဧပြီလ ၂၈ရက်နဲ့ ၂၉ရက်တွေမှာ နယ်/ဗဟိုနာရီမပြတ် ဖလှယ်ပေးနိုင်ခဲ့တယ်။ မြောက်မြားစွာသော ပြည်သူလူထု အလွှာမျိုးစုံတို့မှ သတိရှိမှုအပြည့်နဲ့ အရေးတယူစုံစမ်း မေးမြန်းမှုတွေကို နာရီမပြတ် လက်ခံရရှိခဲ့တယ်။ သတင်း မီဒီယာများရဲ့ ပူးပေါင်းမှုကို အပြည့်အဝရခဲ့တယ်။ အထူးသဖြင့် မြန်မာ့အသံ ရေဒီယိုဟာ ကျေးဇူးတင်စရာ အကောင်းဆုံးလို့ ကျေးဇူးစကား ဆိုချင်ပါတယ်။

ဒါတွေအားလုံးကို ခြုံကြည့်ရင် ဒီလောက် သမိုင်းတင်နိုင်တဲ့ အင်အားမျိုးနဲ့ ဒီလောက် လူနေထူထပ်တဲ့ ဒေသများအပါအဝင်နေရာမျိုးတွေကို ဝင်ရောက်ခဲ့ပါလျက်နဲ့ မရွေ့မပြောင်းနိုင်လို့ ဆုံးရှုံးရတဲ့ အဆောက်အအုံနဲ့ ပစ္စည်းတွေကလွဲရင် ဒီမုန်တိုင်းကြီးကြောင့် သေကျေအသက်ဆုံးရှုံးရသူ နည်းပါးရခြင်းကိုကြည့်ရင် ဒီ“မာလာ”မုန်တိုင်းကြီးမှာဖြင့် ကျွန်တော်တို့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဝိုင်းတော်သားတွေ ဘယ်လောက် တက်ညီလက်ညီ ရှိခဲ့ကြတယ်၊ ကျွန်တော်တို့ မြန်မာတွေ သဘာဝဘေး ကာကွယ်ရေးမှာ ဘယ်လောက်အတွေ့အကြုံကောင်းတွေရှိတယ် ဆိုတာကို ကမ္ဘာ့အလယ်မှာ သက်သေပြသခွင့်ရတာကိုပဲ အဆိုးထဲက အကောင်းတစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားပါရစေတော့ခင်ဗျာ။ ။

အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်း

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ် (၆)၊ ကြားတောရလမ်းရှိ ဓမ္မဗျူဟာ သာသနာမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် အဘိဓမ္မာ – ဋီကာကျော် – ဝိသုဒ္ဓိမဂ်သင်တန်းကို မေ ၆ ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၇နာရီမှ ညနေ ၅နာရီခွဲအထိ သတ်မှတ်ထားသည့် သင်တန်းချိန်များအတိုင်း ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းများကို သင်တန်းမှူး ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ ဓမ္မဒါနပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း–၃၈၀၈၈၀ နှင့် ၀၉–၅၁၄၃၉၂၆ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)



ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော် ဟောကြားမည်

ရန်ကုန် မေ ၅

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၁၁ ရက် ကြာသပတေးနေ့ နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မကွေးတိုင်း၊ ငဖဲမြို့၊ ကန်လယ်မင်း ပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလ အမှူးပြုသော ဆရာတော် ငါးပါးတို့က ကဆုန်လပြည့် ဗုဒ္ဓနေ့ တရားတော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာတရားတော်များကို အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်သည်။ (သတင်းစဉ်)

YMBA အသင်း နှစ် (၁၀၀) ပြည့် အခမ်းအနားကျင်းပမည့်အချိန်ပြောင်း

ရန်ကုန် မေ ၅

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ်(၁၀၀)ပြည့် အခမ်းအနားကို မေ ၉ ရက် နံနက် ၉နာရီတွင်ကျင်းပမည့်အစား အချိန်ပြောင်းလဲထားပါ၍ ဖိတ်ကြားစာရရှိပြီးသူအားလုံး အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံသို့ ထိုနေ့ နံနက် ၇နာရီအရောက် နေရာယူကြပါရန် ပြန်ကြားရေးနှင့် မှတ်တမ်းကော်မတီမှ ဖိတ်ကြားနှိုးဆော်ထားသည်ဟု သိရသည်။ (သတင်းစဉ်)

သင်တန်းပို့ချ

ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄)တွင် ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့် စပ်လျဉ်း၍ ဟောပြောပို့ချစဉ်။ (၁၅)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ ဟောပြောပို့ချ

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်လျက်ရှိသော အခြေခံ စည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသား ၈၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။

(သတင်းစဉ်)

ဆောင်သင့်ဆောင်ထိုက်သောအခွန်ကိုသာစည်းကြပ်ကောက်ခံမည် လုပ်ငန်းရှင်များအနေဖြင့် မှန်မှန်ကန်ကန် အခွန်ပေးဆောင်

ရန်ကုန် မေ ၅

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ရန်ကုန်မြို့ရှိ စိန်/ရွှေလုပ်ငန်းရှင်ကြီးများ၊ စူပါမားကက်နှင့် စတိုးဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအား မေ ၄ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်ကြီးများအား မေ ၅ရက်တွင်လည်းကောင်း ပြည်တွင်းအခွန်များဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အခွန်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ (ဝဲပုံ)

ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အခွန်ထမ်း လုပ်ငန်းရှင်များအတွက် လျင်မြန်လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် အခွန်ဥပဒေများကို ပြင်ဆင်ခဲ့မှု အခြေအနေများ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အမြတ်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ဦးစွာ ရှင်းလင်းပြောကြားပြီး ဥပဒေများပြင်ရာတွင် အခွန်နှုန်းများ တိုးမြှင့် ပြင်ဆင်ခြင်း မရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ အမှန်လုပ်ငန်း ပမာဏဆောင်ရွက်နေမှု၊ အကျိုးဖြစ်ထွန်း မြတ်စွန်းနေမှုများအပေါ်တွင် ဆောင်သင့်ဆောင်ထိုက်သောအခွန်ကိုသာ စည်းကြပ်ကောက်ခံသွားရန်ရှိကြောင်း၊ လက်ရှိထမ်းဆောင်နေသော အခွန်ပမာဏများမှာ အမှန်ပေး ဆောင်သင့်သော အခွန်နှင့် နှိုင်းယှဉ်ပါက အမှန်ပင်နည်းသေးကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေအရ မဖြစ်မနေထားရှိရမည့် စာရင်းဇယားများကို ပြုစုထားရှိကြပြီး နိုင်ငံတော်သို့ မှန်မှန်ကန်ကန် အခွန်ပေးဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်သို့ ဦးတည်လျှောက်လှမ်းနေရာတွင် တာဝန်သိပြည်သူများအဖြစ် အခွန်ကိုကြည်ဖြူစွာ ပေးဆောင်ရင်း နိုင်ငံတော်ကို တစ်တပ်တစ်အား ဝိုင်းဝန်းတည်ဆောက်ကြစေလိုပါကြောင်း အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးသည်။

အစီအစဉ်အရ လုပ်ငန်းရှင်များက အခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ သိလိုသည်များ၊ မရှင်းလင်းသည်များ မေးမြန်းချက်အပေါ် ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

အမျိုးသားလူနာဆောင်၊ နေရောင်ခြည်စွမ်းအင်သုံး ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာဌာနတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တမူးဆေးရုံသို့ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာခင်မောင်ဌေးကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် တမူး-မို့သစ်-အောင်ဇေယျလမ်း မိုင်တိုင်အမှတ်(၄/၀)ရှိ တမူးမြို့နယ် ချောင်းနက်ကြီးကွင်း၌ကျင်းပသည့် တမူးခရိုင်ဌာနပေါင်းစုံ ကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်က တမူးခရိုင်အတွင်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှု၊ ပျိုးထောင်ထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဦးလွင်နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တမူးနယ်စပ် ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်စိုးက အခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ အများဆုံး ပို့ကုန်၊သွင်းကုန်ပစ္စည်းများ ပို့ကုန်အမယ်သစ်တင်ပို့နိုင်မှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အပေါ် သစ္စာရှိပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်၊ မိမိနိုင်ငံတော်အပေါ် အထင်အမြင်သေးစေမည့် ကိစ္စရပ်များကို မလုပ်ဆောင်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တမူးမြို့စော်ဘွားအင်း(၅)ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပျိုးထောင်ထားရှိသည့် ခြံစည်းရိုး ကြက်ဆူပင်ပျိုးခြံကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခမ်းပတ်မြို့နယ် ကနန်စံပြကျေးရွာ၌ ကျင်းပသည့် ကျေးရွာ ကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကလေး-တမူးကားလမ်းနှင့် မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်လမ်းဆုံ၌ ရော်ဘာပင်များ စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရန်မျိုးအောင် ကျေးရွာလမ်းဆုံမှ မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်လမ်းအတိုင်း လမ်း၊တံတားများ ဖောက်လုပ်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရန် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး မိုင်တိုင်အမှတ်-၂၄/၇ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အေးဆန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်လမ်းကို ရာသီမရွေး သွားလာနိုင်ရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်လိုက်-ပြောင်ဘုတ်-စော်ဘွားရေရှင်လမ်း မိုင်တိုင်အမှတ်-၁၉ အနီးရှိ မော်လိုက်မြို့နယ် လက်ဆေးကန်တောရကျောင်းတိုက်သို့ ရောက်ရှိကြ၍ ဆရာတော် ဘဒ္ဒန္တကုမာရအား ဖူးမြော်ကြည်ညို ကန်တော့ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လက်ဆေးကန် တောရကျောင်းတိုက် ဆရာတော်အား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များက နဝကမ္မ စုပေါင်းလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၇) ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ထပ်ဆင့် မိုက္ကရိုဝေ့ဗ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံဝန်ထမ်းများအား ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မော်လိုက်မြို့ အခြေခံပညာ အထက်တန်းကျောင်း စုံညီခန်းမ၌ မော်လိုက်ခရိုင်နှင့် မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဖောင်းပြင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှအောင်နှင့် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့က ဒေသဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မော်လိုက်မြို့နယ် ကြာအင်းကျေးရွာ ရေကာတာရိုက်ရန် ငွေကျပ်သုံးသိန်း၊ မော်လိုက်အခြေခံပညာ အထက်တန်းကျောင်းသို့ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ပန်းဖွားအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ မော်လိုက်ခရိုင်ရှိ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်တို့မှ ပြည်သူများသည် ရေလမ်းကိုသာ အားကိုးအသုံးပြုခဲ့ကြရကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် မော်လိုက်-ကလေးဝကားလမ်းကို ဖောက်လုပ်၍ ကလေးဝ-မော်လိုက်အကြား ချင်းတွင်းမြစ်ဘေးကျေးရွာများကို ရေလမ်းတစ်ခုကိုသာ အားကိုးနေရခြင်းမှ မော်တော်ယာဉ်ခရီးဖြင့် အချိန်မရွေးသွားလာနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ဒေသနှင့်ကိုက်ညီသည့် ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးသွားကြရန် လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အဖွဲ့ဝင်များနှင့်အတူ မော်လိုက်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ပညာသင်ကြားရေး အထောက်အကူပြု စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အဖွဲ့ဝင်များနှင့်အတူ မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်းဌာန၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ကုသခန်းနှင့် လူနာဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံတွင် အသုံးပြုရန် အောက်ဆီဂျင်အားဖြည့်စက်နှင့် သွားစိုက်ခုံအတွက် အလှူရှင်ကိုးဦးတို့က လှူဒါန်းငွေကျပ် ၁၉သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံပြီး ဆေးရုံအတွက် ခွဲစိတ်ကိရိယာများနှင့် ဆေးဝါးပစ္စည်းများကို ခရိုင်ဆရာဝန်ကြီးကိုယ်စား ဒေါက်တာခင်မောင်လေးအား ပြန်လည်ပေးအပ် လှူဒါန်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်လိုက်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဒုတိယအကြိမ် မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၉)

ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တင်းနစ်အားကစားသမားများ၊ တင်းနစ်ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲတွင် (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် အသက်(၁၁)နှစ်၊ (၁၂)နှစ်နှင့် အသက်(၁၄)နှစ်အောက် ပြိုင်ပွဲများ ထည့်သွင်းကျင်းပသည်။ ပြိုင်ပွဲသို့ "က" အဆင့်လေးသင်း၊ "ခ" အဆင့် ၁၂ သင်းနှင့် လူငယ်အားကစားသမား ၆၃ ဦး စုစုပေါင်း အားကစားသမား ၁၆၀ ပါဝင်ယှဉ်ပြိုင်ကြသည်။ (၁၉)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလဦးကိုကိုလှိုင်နှင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ စစ်ရေးပြမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ရေးပြကွင်းအတွင်း နေရာယူ၍ ဒုတိယဝန်ကြီးအား တန်းကိုအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်နှင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းများကို ဆောင်ရွက်ပြီး ပထမပိုင်း စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မီးသတ်ဦးစီးဌာန ဌာနချုပ် သီတာခန်းမ၌ကျင်းပရာ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မြဝတီစစ်ကြောင်း၌ ပါဝင်ချီတက်ခဲ့သော မီးသတ်တပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲမှ ရရှိခဲ့သော စံပြဒုတိယဒိုင်းဆုကို ညွှန်ကြားရေးမှူးချုပ်ထံ တပ်ခွဲမှူးက အပ်နှံသည်။

ထို့နောက် နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မီးသတ်တပ်ဖွဲ့အတွက် ဂျပန်နိုင်ငံ အိုဆာကာမြို့တော်ဝန်ရုံးမှ လှူဒါန်းသော လှေကားတင်မီးသတ်ယာဉ်ကို မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းသို့အရောက် သယ်ယူပို့ဆောင်ခြင်းအတွက် ကုန်ကျစရိတ် မြန်မာငွေကျပ် ၂၆၅သိန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂၃၃၀၀ကို လှူဒါန်းသော ထူးအုပ်စုကုမ္ပဏီများ ဥက္ကဋ္ဌ ဦးတေဇ ကိုယ်စား ဒါရိုက်တာ ဒေါ်ခင်အေးသစ်အား လည်းကောင်း **(ယာပုံ)**၊ သီရိသုခမ္မ မဏိ ဇောတရေ ဦးစိုးသိန်းနှင့် ဇနီး ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး) ဓနအောင်ကုမ္ပဏီ လီမိတက်က ငွေကျပ် ၁၀ သိန်း၊ ဦးယဉ်ထွေးသက် (Reliance Fire System Services Co., Ltd.)က ငွေကျပ် ငါးသိန်း၊ ဒေါ်စန်းစန်းရီ (Europ Containes Myanmar) က ငွေကျပ်သုံးသိန်း၊ ဦးတင်မောင် စန္ဒီပရဆေးက ငွေကျပ် ၂၅၉၀၀၀၊ ဦးအေးသန့် (Prime Boss Co., Ltd.) က ငွေကျပ် နှစ်သိန်း၊ ဦးဇော်ဝင်း (Best Supporting Services Co., Ltd) က ငွေကျပ် တစ်သိန်း၊ ဦးဇော်ဝိတ်မန်နေဂျင်း ဒါရိုက်တာ(FISCA Co., Ltd.) က ငွေကျပ် တစ်သိန်း တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လက်ခံယူသည်။ (သတင်းစဉ်)

မဂ္ဂင်ဓမ္မစေတီ ထီးတော်တင်နှင့်ဗုဒ္ဓါဘိသေက ပူဇော်မည်

ရန်ကုန် မေ ၅

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဝတ္တကမြေ တနင်္ဂနွေထောင့်၌ တည်ထားအပူဇော်ခံမည့် ဗုဒ္ဓသရီရ မြတ်စွယ်တော် စွယ်တော်ရှင် ဆုတောင်းပြည့် မဂ္ဂင်ဓမ္မစေတီအား ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲကို (၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့)၊ မေ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ကုသိုလ်ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (က–ပ)

ဧပြီ ၁၁ ရက်က ရန်ကုန်မြို့နေ ကွယ်လွန်သူ ဦးကျော်စိုးအားရည်စူး၍ ကျောင်းအမကြီး ဒေါ်အနွဲ့၊ သမီး မယုယုချို၊ သား မောင်သက်နိုင်၊ မောင်အောင်ကျော်စိုး မိသားစုတို့က အိန္ဒိယနိုင်ငံ ယူပီပြည်နယ် သာဝတ္ထိမြို့ မြန်မာကျောင်းဆောင်သစ်၌ ဇေတဝန်ဘုရားဆောင်ကို အမေရိကန်ဒေါ်လာ ၉၀၀၀ ကုန်ကျခံ၍ ရေစက်ချလှူဒါန်းအပြီး သာဝတ္ထိဆရာတော်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဘုတ်ပြင်း တပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အစီအစဉ်များကို ကျောင်းဆောင်သစ် ပထမထပ်၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်လက်၍ အဆိုရွှေတံဆိပ်ဆုရှင် မခင်သူဇာက စောင်းနှင့် တွဲဖက်ကာ ထုတိဩဘာမင်္ဂလာ ဧကပိုဒ် ရတုဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်ပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာ ရေစက်ချတရား နာကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဓမ္မဝိဇယပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၁၀၊ အနံပေ ၃၀၊ အမြင့် ၂၃ ပေရှိပြီး နှစ်ထပ် RC ကွန်ကရစ် အဆောက်အအုံဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့မှ ဘုတ်ပြင်း–ပြည်ကြီးမဏ္ဍိုင် ကားလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြပြီး ကော့သောင်း–မြိတ် ကားလမ်းမိုင်တိုင် (၁၄၇/၃) နှင့် (၁၄၇/၄)ကြားရှိ ချောင်းလမိုင်း တံတားလမ်းတိုးချဲ့ရေးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက လမ်းတာပေါင် ချဲ့ထွင်ရေးလုပ်ငန်းများနှင့် တံတားချဉ်းကပ်လမ်း မြေသားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိုးမကျမီ လမ်းပိုင်းပေါ်ရှိ တံတားများကောင်းမွန်စေရန် ဆောင်ရွက်ထားရှိရေး၊ လမ်းပေါက်များရှိပါက ယခုကတည်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်း–ပြည်ကြီးမဏ္ဍိုင် ကားလမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ လမ်းဘေးဝဲယာ ဆီအုန်းစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် ပြည်ကြီးမဏ္ဍိုင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး အမျိုးသားလူနာဆောင်၊ ဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးစတိုခန်းနှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ခံ ဆရာဝန် ဒေါက်တာ အေးပြည့်စုံက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့က ဆေးဝါးကုသမှုခံယူနေသော လူနာများအား အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံကာ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် ဆောင်ရွက်ရေးနှင့် ဝန်ထမ်းများအနေဖြင့် ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရေးမှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပြည်ကြီးမဏ္ဍိုင်မြို့ အဝင် တံတားပြုပြင်ရန်အတွက် မတည်အလှူငွေ ကျပ် ၁၀ သိန်း ပေးအပ်ရာ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံယူသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့မှ ဘုတ်ပြင်း–တနင်္သာရီလမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင် (၈၇/၃)နှင့် (၈၇/၄)ကြားရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား တိုင်းအင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက ဘုတ်ပြင်း–တနင်္သာရီ ကားလမ်းပိုင်း ၉၆ မိုင် ၅ ဖာလုံကို အပိုင်းသုံးပိုင်းခွဲ၍ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လမ်းပိုင်းပေါ်ရှိ လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လမ်းပိုင်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသော အင်ဂျင်နီယာမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက လမ်းပိုင်းလုံခြုံချောမွေ့စေရေးနှင့် ပြုပြင်ရန်လိုအပ်နေသော လမ်းပိုင်းများသို့ စက်ယန္တရားများ ရွှေ့ပြောင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေးကို အထူးဂရုပြု ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ် ချောင်းနောက်ပြန်ဒေသရှိ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းမန်နေဂျာ ဦးသန်းမောင်က စီမံကိန်းဧရိယာအတွင်း ယခုနှစ်၌ ဧက ၈၀၀ တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်၊ သီးညှပ်အဖြစ် တောင်ယာစပါးနှင့် ကြက်ဆူဧက ၉ ဧက စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့က လမ်းဘေးဝဲယာများ၌ ဦးစွာ စိုက်ပျိုးကြရေး၊ သီးညှပ်စပါး တိုးချဲ့စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထူးထရေးဒင်း ကုမ္ပဏီလီမိတက်သည် တနင်္သာရီမြို့နယ်အတွင်း၌ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဆီအုန်းဧက ၁၀၅၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ယခုနှစ်တွင် ဧက ၈၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့သည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစခန်းအတွင်း ဆီအုန်းနှင့် ခါစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဇကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ ဦးလှကြည်က နှစ်အလိုက် ဆီအုန်းစိုက်ပျိုးခဲ့မှု အခြေအနေနှင့်အပင်ရှင်သန်ကြီးထွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယခုနှစ်တွင် သတ်မှတ်ဧက ရရှိရန် တိုးချဲ့ စိုက်ပျိုးသွားကြရေး မှာကြားပြီး ဆီအုန်းသီးခိုင်များ ထွက်ရှိမှု၊ အောင်မြင်ဖြစ်ထွန်းမှုတို့ကို ကြည့်ရှုကြသည်။

အဆိုပါ ကမ္ဘောဇကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစခန်းတွင် ယခုအခါ ဆီအုန်းဧက ၆၁၀၀ စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ညနေ ၃ နာရီတွင် တနင်္သာရီမြို့သို့ ရောက်ရှိကာ တနင်္သာရီမြို့ မြို့နယ်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ခန်းမတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တနင်္သာရီတပ်နယ်မှ ဗိုလ်မှူးကြီး မင်းမြင့်ဆွေနှင့် တာဝန်ရှိသူများက ခန်းမအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ မြို့နယ်ခန်းမမှာ အလျားပေ ၁၀၀၊ အနံပေ ၄၀ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီမြစ်ကူး တနင်္သာရီ တံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တနင်္သာရီမြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၅–၅–၂၀၀၆

ချောက်နှင့်မင်းဘူး

၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

မုံရွာ၊ ညောင်ဦးနှင့် မကွေး

၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

● ကျယ်လောင်သည့်မှ

စစ်သင်္ဘောများ ခုတ်မောင်းသည့်အသံ ကျယ်လောင်မှုကြောင့် ဖြစ်နိုင်ဖွယ်ရှိသည့် အကြောင်းများအပြင် စုံစမ်းမှုပြုလုပ်ခဲ့ရာတွင် တွေ့ရှိခဲ့သည်ဟု ဖန်ဇီဘာငါးလုပ်ငန်းဌာန၏ ညွှန်ကြားရေးမှူး မူဆာအဘွတ်ဂျမ်ဘီက ပြောကြားသည်။ ဖန်ဇီဘာကမ်းခြေတစ်လျှောက်ရှိ လမုတောအတွင်း လင်းပိုင်ကြီးများ ထပ်မံသေဆုံးနေသည်ကို သုတေသီများက တွေ့ရှိခဲ့ကြသဖြင့် ဖန်ဇီဘာတွင် လင်းပိုင်ကြီးများ သေဆုံးသည့် စုစုပေါင်း အရေအတွက်သည် ၇၀၀ မှ ၈၀၀ အထိရှိသည်ဟု ပြန်လည်ပြင်ဆင်ခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

မာဒါဂတ်စကာနှင့် တန်ဇန်နီးယားနိုင်ငံတွင် မကြာမီလများအတွင်း မြေငလျင် လှုပ်ခဲ့ရာမှ ပင်လယ်ရေမျက်နှာပြင်အောက်တွင် လှုပ်ရှားမှုနှင့် ဆူညံသံများ ဖြစ်ပေါ်ခဲ့ရသည်။ **အင်တာနက်။**

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၆ ခုနှစ်၊ မေလ (၈)ရက်

World Red Cross Day

8th May, 2006

"Universal Assistance through volunteering"

"ကမ္ဘာအနှံ့ကူညီရေး၊ ကြက်ခြေနီက ဆောင်ရွက်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

❀ NLD မှ

NLD ပါတီဝင်နှင့် ပါတီတာဝန်များမှ လည်းကောင်း နုတ်ထွက်ခဲ့ပြီးဖြစ်သူ ဦးစောဌေးနှင့် NLD မှ နုတ်ထွက်သူ ပါတီဝင် ၆၂ ဦးတို့လည်း တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် NLD ပါတီဝင်အဖြစ်မှ နုတ်ထွက်သူ မထူး(ခ)မခင်နှင်းဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေးဥက္ကဋ္ဌ ဦးသောင်းက NLD ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ဦးသောင်းက ရှင်းလင်းပြောကြားရာတွင် ယခုအခါ NLD ပါတီအတွင်း ဂိုဏ်းဂဏများကွဲပြားနေကြောင်း၊ အုပ်စုတွေကွဲနေကြပြီး သူ့အဖွဲ့၊ ကိုယ့်အဖွဲ့ ဖွဲ့ကုန်ကြသဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်လျက်ရှိကြောင်း၊ NLD ခေါင်းဆောင်များ၏ လုပ်ရပ်များထဲမှ အားလုံးသိသင့်သည့် ကိစ္စတစ်ခုကို ဖော်ပြပြောကြားလိုကြောင်း၊ ၂၀၀၃ ခုနှစ် မေလပိုင်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မိမိတို့နယ်ဘက်သို့ ရောက်လာခဲ့ကြောင်း၊ ထိုသို့ရောက်လာရာတွင် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမှုလုံးဝမရှိခဲ့ဘဲ မိမိတို့ မြန်မာပြည်သားအချင်းချင်းကို အနောက်နယ်ချဲ့နိုင်ငံများ၏ မူဝါဒအတိုင်း အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ရန်တိုက်ပေးခဲ့ကြောင်း၊ တစ်မြို့တည်း နေထိုင်ကြသည့် မြို့သူ မြို့သား အချင်းချင်း၊ တစ်နိုင်ငံတည်းဖွား ပြည်သူပြည်သားအချင်းချင်း ရန်စောင်မှုများ ဖြစ်ပွားစေခဲ့ကြောင်း၊ မိမိတို့အချင်းချင်း ညီညွတ်ကြမှသာ တိုင်းပြည်နှင့် လူမျိုး တိုးတက်လာမှာဖြစ်သော်လည်း NLD ဗဟိုတစ်ဖွဲ့လုံးက အနောက်မျှော်ဝါဒကို ကျင့်သုံးလျက်ရှိပြီး ပြည်ပကို အားကိုးလွန်းနေပါကြောင်း၊ ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ပြောကြားခဲ့သည့်အတိုင်း NLD ဗဟိုမှ အဖွဲ့ဝင်များသည် နိုင်ငံတော်က ကျင်းပပေးနေသည့် အမျိုးသားညီလာခံကြီးသို့ တက်ရောက်မည်ဟု ပြောကြားခဲ့ပြီးမှ မတက်ရောက်ကြတော့ဘဲ အပြင်တွင် သွားပုပ်လေလွင့် ပြောနေခဲ့ကြကြောင်း၊ ယခုကျမှ တွေ့ဆုံညှိနှိုင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် စကားလုံးများကို သုံးလာနေခြင်းသည် ဒီမိုကရေစီအရေးအတွက်မဟုတ်ဘဲ ငါမိုကရေစီရေးနှင့် NLD ဗဟို၏ အတ္တကြီးမားမှုကို ကွင်းကွင်းကွက်ကွက် ဖော်ပြလျက်ရှိနေသဖြင့် မိမိတို့အားလုံး NLD ဗဟို၏လုပ်ရပ်ကို စိတ်ပျက်လာခဲ့ကြပါကြောင်း၊ NLD ဗဟိုသည် မိမိတို့ကို ဦးဆောင်နိုင်မည့် အခြေအနေမရှိတော့ဘဲ အနာဂတ်အတွက်လည်း ရေရေရာရာ လမ်းညွှန်နိုင်ခြင်းမရှိသည့်အတွက် မိမိတို့ ၆၂ ဦးစလုံး ယနေ့မှစ၍ NLD ပါတီမှ အပြီးအပိုင်နုတ်ထွက်ရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ NLD ပါတီဝင်အဖြစ်မှ ဆန္ဒအလျောက်နုတ်ထွက်ခဲ့သူ ၆၂ ဦးတို့က ၎င်းတို့၏ နုတ်ထွက်လွှာများကို စဉ့်ကူးမြို့နယ် ကော်မရှင်ဥက္ကဋ္ဌထံသို့ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ NLD ပါတီဝင်နှင့် ပါတီတာဝန်များမှလည်းကောင်း နုတ်ထွက်ခဲ့ပြီးဖြစ်သူ ဦးစောဌေးက နှုတ်ဆက်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် အသက်အရွယ်ကြီးရင့်၍ NLD ပါတီမှ နုတ်ထွက်ခဲ့ကြောင်း၊ မိမိတို့ ကြိုးပမ်းအားထုတ်ခဲ့သည်မှာ ဒီမိုကရေစီရရှိရေးပင်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းအောင် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၁၀ ၆။ နဂါးရေလှောင်တမံ

၈:၂၀ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Happy and Educational English Summer Course MRTV

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"

၁၂:၂၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁၂:၃၀ ၇။ **"အဖြူရောင်မေတ္တာ" (မင်းမော်ကွန်း၊ ရီဝေယံ၊ ဆုပိုပိုအောင်) (ဒါရိုက်တာ–အောင်မြင့်မြတ်)**

၁:၃၀ ၈။ ဖွံ့ဖြိုးမှုစုံစုံလင်လင် စံပြကျေးရွာမင်းတိုင်ပင်

၁:၄၀ ၉။ အဆိုပြိုင်ပွဲ

၁:၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂:၁၀ ၁၁။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)

၂:၂၀ ၁၂။ အတီးပြိုင်ပွဲ

၂:၃၅ ၁၃။ **"အနိုင်အရှုံး" (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**

၂:၄၀ ၁၄။ ဝမ်ပုံရေလှောင်တမံ

၂:၄၅ ၁၅။ International News.

၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အကပြိုင်ပွဲ

၄:၃၅ ၄။ တေးဂီတအစီအစဉ်

၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅:၀၀ ၆။ မြင်းခြံခင်သိန်းအေးဆိုင်းအဖွဲ့ ဖျော်ဖြေခန်း

၅:၁၅ ၇။ တေးဂီတအစီအစဉ်

၅:၃၀ ၈။ **"မင်းမသိသေးပါဘူးကွာ" (ရော၊ငှက်ပျောကြော်၊ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ–ဆွေဇင်ထိုက်)**

၅:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်

၆:၃၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ Discovery

၆:၅၀ ၁၃။ တေးဂီတအစီအစဉ်

၇:၁၀ ၁၄။ ဖွံ့ဖြိုးစည်ပင်ကာလိစံပြကျေးရွာတစ်ခွင်

၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း–၁၁)**

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း–၄၁)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများ နှစ်ပတ်အတွင်း မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးနေ

သတင်းနှင့်ဓာတ်ပုံ - သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန် မေ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများနှင့်ပတ်သက်၍ မြန်ဆန်သွက်လက်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ ဌာနမှူးများ၊ ဝန်ထမ်းများသည် ရုံးပိတ်ရက်မှလွဲ၍ နေ့စဉ် မွန်းလွဲ ၂နာရီမှစ၍ မြို့တော်ခန်းမ ပထမထပ်တွင် လုပ်ငန်းများကို အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

စာရေးသူသည် အဆောက်အအုံဆောက်လုပ်ခွင့်၊ အဆောက်အအုံ အကြီးစား ပြင်ဆင်လို သည့်ကိစ္စများအတွက် ဆောင်ရွက်ပေးနေသော အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်းနှင့် ရှေးဦးစွာ တွေ့ဆုံခဲ့ပါသည်။

ဌာနမှူး ဦးဇော်ဝင်းက အဆောက်အအုံဆောက်လုပ်ရာတွင် လိုအပ်ချက်များကို ပြောပြရာ (၁) ဌာနမှ သတ်မှတ်လျှောက်လွှာ၊ (၂) သက်ဆိုင်ရာဌာနမှ သုံးနှစ်အတွင်း ထုတ်ပေးထားသောမြေပုံ/မြေရာဇဝင်မူရင်း၊ (၃) ဂရန်မိတ္တူ သို့မဟုတ် နယ်နိမိတ် တိုင်းတာသတ်မှတ်မြေပုံ (မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးရန်)၊ (၄) မြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူးရုံး၏ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်၊ (၅) လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ (၆) လျှောက်ထားသူ သက်ရှိထင်ရှားရှိပြီး လက်မှတ် ရေးထိုးထားကြောင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်၊ (၇) ဘေး မြေကွက်များမှ ကန့်ကွက်ရန် မရှိကြောင်းနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထပ်ဆင့်ထောက်ခံချက်၊ (၈) အိမ်ငှားရှိ၊ မရှိ ရပ်ကွက်၊ မြို့နယ်ထောက်ခံချက်၊ (၉) လိုင်စင်ရ အင်ဂျင်နီယာကလက်မှတ်ရေးထိုးထားသော အဆိုပြုပုံစံသုံးစုံနှင့် ပစ္စည်းစာရင်း သုံးစုံ၊ (၁၀) သုံးထပ်နှင့်အထက် အဆောက်အအုံအတွက် အဆောက်အအုံ အင်ဂျင်နီယာ (SEC) မှ အဆောက်အအုံခိုင်ခံ့မှုဆိုင်ရာ တွက်ချက်ပုံစံနှစ်စုံ၊ (၁၁) လေးထပ်နှင့်အထက် အဆောက်အအုံအတွက် မြေပိုင်ရှင်မှ လိုင်စင်ရ ကန်ထရိုက်နှင့် ဆောက်မည့်ဝန်ခံချက်၊ လိုင်စင်ရ ကန်ထရိုက်မှ ကိုယ်တိုင် ဆောက်မည့် ဝန်ခံချက်၊ မြေရှင်၊ ကန်ထရိုက်တာ၊ လိုင်စင်ရ အင်ဂျင်နီယာ၊ အဆောက်အအုံအင်ဂျင်နီယာတို့၏ အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်ဝန်ခံချက်၊ မြေခံနိုင်အားစမ်းသပ်မှု (Soil Test) စသည်တို့ ပြည့်စုံရမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။

ဆက်လက်၍ ဌာနမှူးဦးဇော်ဝင်းက အဆောက်အအုံ အကြီးစားပြင်ဆင်ခြင်းနှင့်ပတ်သက်၍ (၁) မြေပိုင်ဆိုင်မှု အထောက်အထား မိတ္တူမှန်များ (မူရင်းနှင့် တိုက်ဆိုင် စစ်ဆေး၍ လက်ခံရန်ဖြစ်သည်။)၊ (၂) ပြင်ဆင်လိုသည့် အဆောက်အအုံ၏ ဓာတ်ပုံ၊ ပြင်ဆင်လိုသည့် အစိတ်အပိုင်းဓာတ်ပုံများ၊ (၃) လက်ရှိ အဆောက်အအုံနှင့် ပြင်ဆင်မည့် အဆောက်အအုံပုံစံ သုံးစုံ၊ (ပြင်ဆင်မည့် အစိတ်အပိုင်းများအား အနီရောင် ခြယ်ပေးရမည်။)၊ (၄) သက်ဆိုင်ရာ စည်ပင်အုပ်ချုပ်ရေးမှူး၏ သဘောထား မှတ်ချက်၊ (၅) သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောထား မှတ်ချက်၊ (၆) အိမ်ငှားဖြစ်ပါက အိမ်ရှင်၏ သဘောထားမှတ်ချက်၊ (၇) အိမ်ရှင်/အိမ်ငှား ပြဿနာရှိပါက မြို့နယ်ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ သဘောထားမှတ်ချက်၊ (၈) လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ ပြည့်စုံရမည်ဖြစ်ကြောင်း၊ ယခု အချက်အလက်များ ပြည့်စုံပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ အစီအစဉ်ဖြင့်ခွင့်ပြုနိုင်ကြောင်း ရှင်းပြပါသည်။

ထပ်မံ၍ ဌာနမှူးက ဆောက်လုပ်၊ ပြင်လိုသည်များကို ကိုယ်တိုင်ကိုယ်ကျ လာရောက် လျှောက်ထားလာစုံစမ်းပြီး ဆောင်ရွက်သည့်အတွက် ကိုယ့်အမှုတွဲ၌ လိုအပ်ချက်များရှိပါက အလွယ်တကူ သိရှိနိုင်ပါသည်။ ဆောက်လုပ် ပြင်လိုသည့်အမှုတွဲတွင် အချက်အလက်များ ပြည့်စုံပါက အမှုတွဲ လက်ခံသည့်နေ့မှစ၍ ကွင်းဆင်းစစ်ဆေးကာ ခုနစ်ရက် ပြည့်မြောက်သည့်နေ့တွင် ငွေသွင်းခွင့်ရပြီး အမှုတွဲလက်ခံသည့်နေ့မှ (၁၄) ရက်ပြည့်မြောက်သည့်နေ့၌ ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ကြောင်းရှင်းပြသည်။

ဆက်လက်၍ ကိုယ်တိုင်မလေ့လာ၊ မစုံစမ်းဘဲ ပွဲစားများဖြင့် ဆောင်ရွက်သဖြင့် ပွဲစားများ၏ အချိန်ဆွဲထားမှု၊ မကြန့်ကြာသင့်ဘဲ ကြန့်ကြာရခြင်း၊ ပွဲစားများ၏ လှည့်ပတ်မှုကြောင့် ငွေကြေးမကုန်သင့်ဘဲ အလဟဿ ကုန်ကျခြင်းတို့ ဖြစ်ရပါသည်။

ယခုအခါ ကိုယ်တိုင်ကိုယ်ကျ လာရောက် စုံစမ်းလေ့လာလုပ်ကိုင်သည့်အတွက် အချိန်ကုန်သက်သာပြီး သတ်မှတ် စည်းကမ်းချက်များနှင့် ညီညွတ်ပြည့်စုံပါက ခွင့်ပြုမိန့်ကို (၁၄) ရက်အတွင်းရသည့်အတွက်အဆောက်အအုံဆောက်လိုသူ၊ ပြင်လိုသူများ အလွန်စိတ်ချမ်းသာသည်ကို တွေ့နေရကြောင်း၊ယခုကဲ့သို့ပိုင်ရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်လုပ်ကိုင်သည့်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာအနေဖြင့် အမှန်ရသင့် ရထိုက်သော ဝင်ငွေများ အလေအလွင့်မရှိ အပြည့်အဝရရှိခြင်း၊ နှစ်ဦးနှစ်ဖက် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်သဖြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် လုပ်ငန်းဆောင်ရွက်လိုသူ ပြည်သူအတွက်ပါ နှစ်ဦး နှစ်ဖက် အကျိုးရှိပါသည်။

ပွဲစားများပြောသကဲ့သို့ မဟုတ်ဘဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏စေတနာနှင့်လုပ်ငန်းဆောင်ရွက်ပေးမှုကို သိရှိနားလည်လာသည့်အတွက် ယခုအခါ အဆောက်အအုံ ဆောက်လိုသူများ၊ ပြင်ဆင်လိုသူများ များပြားလာသည်ကို တွေ့နေရကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးနိုင်မှုကို အားကိုးအားထားမှုပြု၍လည်း ကော်မတီအနေဖြင့် ဝင်ငွေပိုမို များပြားလာကြောင်းများကို ရှင်းလင်းပြောပြပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးက အဆောက်အအုံ ဆောက်လုပ်လိုသူများ၊ အကြီးစား အဆောက်အအုံ ပြင်ဆင်လိုသူများကို ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အသေးစိတ် ရှင်းလင်းပြောကြားစဉ်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ် မြောက်ပိုင်း (၃၇)ရပ်ကွက် သုခလမ်းနေ ကျေးဇူးရှင်ဖခင်ကြီး (ဦးကြည်စန်းတင်)အား ရည်စူး၍ ဇနီး ဒေါ်သိန်းထွေးနှင့် သား၊ သမီး၊ မြေးများက အလှူတော်ငွေကျပ် ၂၀၀၀၀၀ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ကိုထွန်းထွန်းဝင်း (ဗုဒ္ဓဂယာ)ထံ ဧပြီ ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် တိ-နိ အကျိုးတော်ဆောင်များနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဒဂုံမြို့နယ် စံကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၁သိန်းကို တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Canon ကင်မရာအသစ်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မေ ၅

Accel International Co., Ltd. နှင့် Canon (Singapore) Pte, Ltd. တို့က တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ်ကင်မရာ မော်ဒယ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဧည့်သည်များ၊ ဓာတ်ပုံဝါသနာရှင်များ၊ ဓာတ်ပုံပညာရှင်များ၊ ဓာတ်ပုံလုပ်ငန်းရှင်များ၊ ဒစ်ဂျစ်တယ်ဓာတ်ပုံပညာ စိတ်ပါဝင်စားသူများနှင့် ကွန်ပျူတာလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Accel International Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က နှုတ်ခွန်းဆက်စကားပြောကြားပြီး Canon (Singapore) Pte, Ltd. မှ President and Chief Executive Officer, Mr. Kevin Ogawa က အမှာစကားပြောကြားသည်။

ထို့နောက် Accel International Co., Ltd. မှ မန်နေဂျာ ဦးဖိုးလစ်ထွန်းအောင်က ယခု မိတ်ဆက်တင်သွင်းသော Canon အမျိုးအစား ဒစ်ဂျစ်တယ် ကင်မရာမော်ဒယ်အသစ်နှင့်ပတ်သက်၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဧည့်သည်များအား ကံစမ်းမဲ လက်ဆောင်များကို ပေးအပ်သည်။

Accel International Co., Ltd. က တင်သွင်းသော Canon ဒစ်ဂျစ်တယ် ကင်မရာအမျိုးမျိုးတို့ကို အမှတ်(၄၂၂-၄၂၆) ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂-၉၆ သို့ ဆက်သွယ် ဝယ်ယူနိုင်သည်။ Canonအရောင်းပြခန်းများကို ရန်ကုန်မြို့၌ အမှတ် (၇-၈) အောင်ဆန်းကွင်းတောင်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၂၄၃၀၃၆-၃၈၊ မန္တလေးမြို့၌ အမှတ်(၆) SY အဆောက်အအုံ (၇၈)လမ်း ဘူတာကြီးနှင့် မျက်နှာချင်းဆိုင်၊ ဖုန်း-၀၂-၃၆၀၁၄၊ ၃၉၈၅၇နှင့် ပျဉ်းမနားမြို့၌ အမှတ်(၆/၄၄-၆/၄၅) ဆောက်လုပ်ရေးဝင်း ရန်ကုန်-မန္တလေး အဝေးပြေးလမ်း ဖုန်း-၀၆၇-၂၂၃၄၇၊ ၂၂၈၀၁ တို့၌ ဖွင့်လှစ်ထားရာ ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။(သတင်းစဉ်)

Accel International Co., Ltd. **နှင့်** Canon (Singapore) Pte, Ltd. **တို့က တင်သွင်းသော** Canon **အမျိုးအစား ဒီဂျစ်တယ် ကင်မရာမော်ဒယ်သစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲတွင် မန်နေဂျင်း ဒါရိုက်တာ** Mr. Alvin Law **နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)

မြတ်ရတနာ ဓမ္မစာပေ သင်တန်း

ရန်ကုန် မေ ၅

ဗိုလ်တထောင်စေတီရင်ပြင်ပေါ်ရှိ ဗုဒ္ဓဓမ္မစာပေသင်တန်းဆောင်တွင် မေ ၆ ရက်မှစ၍ အပတ်စဉ် စနေနေ့တိုင်း အဘိဓမ္မာပထမအဆင့် (သင်တန်း-၁)ကို နံနက် ၉ နာရီတွင်လည်းကောင်း၊ မေ ၇ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အဘိဓမ္မာပထမအဆင့် (သင်တန်း-၂)ကို နံနက် ၉ နာရီတွင်လည်းကောင်း၊ အဘိဓမ္မာ ဒုတိယအဆင့်ကို မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ အဘိဓမ္မာ တတိယအဆင့်ကို မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ ဝိသုဒ္ဓိမဂ် သင်တန်းကို တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီတွင်လည်းကောင်း၊ ဋီကာကျော်သင်တန်းကို တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဓမ္မဒါန တက်ရောက်နိုင်ကြောင်း သိရသည်။ (၂၃)

ပင်လယ်ရေကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းအတွက် အဓိကကျသည့် ရန်ကုန်ဆိပ်ကမ်းမှ နိုင်ငံတကာစံချိန်မီ ကုန်တင်ကုန်ချဆိပ်ခံတံတားများ

သတင်းဆောင်းပါး – ညီညီစိုးညွန့်၊ ဓာတ်ပုံ – စိုးညွန့်(ကြေးမုံ)

ရန်ကုန် မေ ၅

နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် ပို့ဆောင်ရေးကဏ္ဍသည် အဓိကကျသည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံထုတ်ကုန်သွင်းကုန်၏ ရာနှုန်းပြည့်နီးပါးကို သယ်ယူပို့ဆောင်ပေးနေသည့် ပင်လယ်ရေကြောင်း ပို့ဆောင်မှုလုပ်ငန်းမှာ အထူးအရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် အဆိုပါ ပင်လယ်ရေကြောင်း ပို့ဆောင်မှုကဏ္ဍ အဆင်ပြေချောမွေ့လွယ်ကူစေရန် စီမံဆောင်ရွက်ပေးရသော ဌာနဖြစ်သည့်အလျောက် ပင်လယ်ကူးသင်္ဘောကြီးများ ဆိပ်ကမ်းများသို့ ဝင်ထွက်ဆိုက်ကပ်နိုင်ရေးနှင့် ကုန်တင်/ကုန်ချလုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆိပ်ကမ်းတံတားများ၊ သိုလှောင်ရုံများ၊ ကုန်ထားသိုရန်လွင်ပြင်များနှင့် ကုန်ကိုင်တွယ်ကိရိယာများ ပံ့ပိုးပေးရခြင်း၊ ပင်လယ်ကူးသင်္ဘောကြီးများ ရေကြောင်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေကြောင်းလမ်းကောင်းမွန်မှုရှိစေရေးနှင့် ရေကြောင်းပြလုပ်ငန်းတို့ကို ဆောင်ရွက်ပေးရသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းပို့ဆောင်ရေးတွင် အဓိကအကျဆုံးနေရာမှာ ရန်ကုန်ဆိပ်ကမ်းပင်ဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းတွင် ပင်လယ်ကူးသင်္ဘောကြီးများဆိုက်ကပ်နိုင်ရန် ဆိပ်ခံတံတားအနေဖြင့် ယခင်က ထီးတန်းဆန်တင်တံတားနှင့် ဆူးလေအမှတ်(၁)မှ(၇)အထိတံတားများ၊ ဗိုလ်အောင်ကျော်အမှတ်(၁)နှင့် (၂)တံတားများသာရှိခဲ့ရာမှ ၁၉၈၈ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးချိန်မှစ၍ ပင်လယ်ရေကြောင်းပို့ကုန်သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီဆိပ်ကမ်းများ တည်ဆောက်ရန် လိုအပ်လာခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆိပ်ကမ်းဖွံ့ဖြိုးရေးအတွက် အကျိုးတူဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုနှင့်အညီ ပြည်ပပို့ကုန်၊ သွင်းကုန်ပမာဏ များပြားလာသည့်အလျောက် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် ဆိပ်ခံတံတားများကို နိုင်ငံတကာစံချိန်မီ တည်ဆောက်လျက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အပြင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ ဆိပ်ခံတံတားများ အစီအရီပေါ်ထွက်လာခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းတွင် တည်ဆောက်ပြီးစီး၍ ပင်လယ်ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လျက်ရှိသော ဆိပ်ခံတံတားများမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဗိုလ်အောင်ကျော်တံတားများ၊ (Asia World Port Management Co., Ltd.) ၏ အလုံအမှတ်(၁)၊ (၂)နှင့် (၃)တံတားများ၊ မြန်မာ့အဏ္ဏဝါစွမ်းအားရှင်အုပ်စု ကုမ္ပဏီလီမိတက်၏ မြန်မာ့စက်မှုဆိပ်ကမ်းတံတား၊ Myanmar Intergrated Port Limited (MIPL) ၏ သီလဝါအမှတ်(၄) တံတား၊ Myanmar International Terminal Thilawa (MITT) ၏ သီလဝါအမှတ်(၅)မှ (၉)အထိ တံတားများဖြစ်ကြသည်။

ထို့ပြင် ကုန်းတွင်းကုန်သေတ္တာစခန်းများအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စင်ကာပူနိုင်ငံ ALLIED Container Services Private Ltd တို့ ဖက်စပ်ရင်းနှီးမြှုပ်နှံဆောင်ရွက်သည့် ဗိုလ်တထောင် အမှတ်(၁) ကုန်းတွင်းကုန်သေတ္တာစခန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဗိုလ်တထောင် အမှတ်(၂) ကုန်းတွင်းကုန်သေတ္တာစခန်းနှင့် မြန်မာ့အဏ္ဏဝါစွမ်းအားရှင်အုပ်စု ကုမ္ပဏီလီမိတက်၏ မြန်မာ့စက်မှုဆိပ်ကမ်း ကုန်းတွင်းကုန်သေတ္တာစခန်းများကို ဖွင့်လှစ်ထားနိုင်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများတပ်ဆင်ပြီး နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာတင်/ချ လုပ်ငန်းများကို ဆောင်ရွက်နေသော ဆိပ်ခံတံတားမှာ ဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတားဖြစ်သည်။

ဗိုလ်အောင်ကျော်ဆိပ်ကမ်း ကုန်သေတ္တာစခန်းတွင် ကုန်သေတ္တာများ အစီအရီထားရှိသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် ဗိုလ်အောင်ကျော် အမှတ်(၃)တံတားကို စတင်တည်ဆောက်၍ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၂၂ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

ဗိုလ်အောင်ကျော် အမှတ်(၃) ကုန်သေတ္တာတံတားမှာ အရှည် ၁၈၃ မီတာရှိပြီး အကျယ် မီတာ ၃၀ ရှိသည်။ အကျယ် ၁၈မီတာရှိ ချဉ်းကပ်တံတားနှစ်ခု တည်ဆောက်ထားသည်။ အလျား ၁၆၅ မီတာရှည်ပြီး တန်ချိန် ၁၅၀၀၀ ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ကြောင်း သိရသည်။

ဗိုလ်အောင်ကျော်အမှတ်(၁)နှင့် (၂)တံတားမှာ ၁၃၇ ဒသမ ၁၆ မီတာစီ အရှည်ရှိကြောင်း သိရသည်။ ဗိုလ်အောင်ကျော် ဆိပ်ခံတံတားအားလုံးကို ကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ထားသည်။

ဗိုလ်အောင်ကျော် ဆိပ်ခံတံတားအမှတ်(၃)တွင် ကုန်သေတ္တာသင်္ဘောပါ ကုန်သေတ္တာများ တင်/ချလုပ်ငန်းတွင် အသုံးပြုရန် တန် ၄၀ Portal Crane တစ်စီး၊ ၃၆ တန် လျှပ်စစ်ဝန်ချီစက် တစ်စီး၊ ၃၀ ဒသမ ၅ တန် Quayside Container Crane တစ်စီး ကုန်သေတ္တာလွင်ပြင်တွင် တည်ရှိပြီး သင်္ဘောပါ ကုန်သေတ္တာများ လက်ခံနေရာချပေးခြင်း၊ ကုန်သေတ္တာများ ပြန်လည်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၃၅တန် Yard Gantry Crane (RTG) နှစ်စီး၊ ကုန်သေတ္တာသင်္ဘောပါ ကုန်သေတ္တာများ လက်ခံနေရာချထားခြင်း၊ ပြန်လည် ကုန်ထုတ်ပေးခြင်း၊ ကုန်သေတ္တာသင်္ဘောတင်လုပ်ငန်းတွင် လွင်ပြင်မှ တင်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အသားကုန်သေတ္တာဝန်မယာဉ် (Reach Stacker) ၃၆ တန်၊ ၄၂ တန်နှင့် ၄၅တန် ယန္တရားများ သင်္ဘောပါ ကုန်သေတ္တာအခွံများ လွင်ပြင်တွင် လက်ခံခြင်း၊ ပြန်လည်ထုတ်ပေးခြင်းလုပ်ငန်းတွင် အသုံးပြုရန် ၁၅တန် အခွံကုန်သေတ္တာဝန်မယာဉ်များ၊ သင်္ဘောပါကုန်သေတ္တာများ တံတားဦးမှ လွင်ပြင်သို့သယ်ယူပေးခြင်း၊ သင်္ဘောပေါ်တင်ရန် လွင်ပြင်မှ တံတားဦးသို့ သယ်ယူပေးခြင်းလုပ်ငန်းတွင် အသုံးပြုရန် တန် ၄၀ ကုန်သေတ္တာသယ်ယာဉ် Prime Mover များ၊ ပေ ၄၀ ကုန်သေတ္တာသယ်ယာဉ် နောက်တွဲလှည်းများ၊ ပေ ၂၀ ကုန်သေတ္တာသယ်ယာဉ် နောက်တွဲလှည်းများ၊ LCL ကုန်သေတ္တာများကုန်ဖောက်ခြင်း၊ Unstuffing လုပ်ငန်းနှင့် ကုန်ထုတ်ပေးခြင်းလုပ်ငန်းတွင် ဆောင်ရွက်ရန် လေးတန် ဒီဇယ်ဝန်မယာဉ်များ၊ နှစ်တန် ဒီဇယ်ဝန်မယာဉ်များ၊ ၂ ဒသမ ၅ တန် ဘက်ထရီဝန်မယာဉ်များ စသည့် ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများ တပ်ဆင်၍ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်သွက်လက်စွာ ဆောင်ရွက်ပေးနေသည်။ အဆိုပါ ဗိုလ်အောင်ကျော်လမ်းတံတားများမှ ၁၉၉၉ ခုနှစ်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီလအထိ သွင်းကုန်အနေဖြင့် ကုန်သေတ္တာ ၂၄၃၀၄၂ ခု၊ တန်ချိန် ၃၁၄၃၇၀၃ တန်၊ ပို့ကုန်အနေဖြင့် ကုန်သေတ္တာ ၂၉၈၄၄၇ ခု၊ တန်ချိန် ၄၁၂၂၆၉၄ တန် စုစုပေါင်း ကုန်သေတ္တာ ၅၄၁၄၈၉ ခုနှင့် တန်ချိန်အားဖြင့် ၇၂၆၆၃၉၇ တန် ပို့/သွင်းနိုင်ခဲ့ကြောင်း သိရသည်။ ကုန်သေတ္တာထားသိုမှုအနေဖြင့် ကုန်သေတ္တာအသား သုံးလုံးထပ် ၁၈၁၈ လုံး၊ အခွံ နှစ်လုံးထပ်အလုံး ၇၅၀ ၊ အအေးခန်းကုန်သေတ္တာ နှစ်လုံးထပ် ၅၄ လုံး စုစုပေါင်း ကုန်သေတ္တာ ၂၆၂၂ လုံးထားရှိနိုင်သည်။ သွင်းကုန် Import ကုန်သေတ္တာ FCL များနှင့် ပို့ကုန် Export ကုန်သေတ္တာများ အကောက်ခွန်ဦးစီးဌာနမှ ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် အစုစပ် LCL ကုန်သေတ္တာများ ပါရှိလာသော ကုန်ပစ္စည်းများကို CFS သိုလှောင်ရုံအတွင်းတွင် ယာယီထိန်းသိမ်းထားရှိရန် အလျား ၂၄၃ ပေ၊ အနံ ၁၉၇ ပေရှိ Container Freght Station (CFS) ကို ဆောက်လုပ်ထားကြောင်း သိရှိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စီမံဆောင်ရွက်ပေးမှု၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်၍ စွမ်းစွမ်းတမံလုပ်ကိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းသည် တိုးတက်အောင်မြင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပဲခူးယ်ကုန်းနှင့်ကျောက်ကြီးလမ်းခွဲ ထရန်စဖော်မာအား အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခဲ့ လူထိခိုက်မှုမရှိဘဲ ပျက်စီးမှုအနည်းငယ်သာရှိ

နေပြည်တော် မေ ၅

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် ရပ်ရွာအေးချမ်းသာယာမှု ပျက်ပြားစေရန် ဖောက်ခွဲဖျက်ဆီးမှုများကို ဆောင်ရွက်လျက်ရှိရာ မေ ၄ရက် ည ၇နာရီ ၅၅မိနစ်ခန့်တွင် ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့မှ ကျောက်ကြီးမြို့သို့သွားသည့် လမ်းခွဲအနီး ပဲနွယ်ကုန်းနှင့် ကျောက်ကြီးမြို့တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာတစ်ဝိုက်၌ ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လူထိခိုက်မှုမရှိဘဲ ထရန်စဖော်မာကို ကာရံထားသည့် ခြံစည်းရိုး အနည်းငယ်သာ ပျက်စီးသွားပြီး ထရန်စဖော်မာ အအေးခံပြား အနည်းငယ် ပျက်စီးသွားခဲ့သည်။ ယင်းဖောက်ခွဲ ဖျက်ဆီးသူ အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူလူထုနှင့် သက်ဆိုင်ရာတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများ တစ်ကိုယ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းပြီး ပြည်တွင်းသို့ စေလွှတ်ထားသော ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များအား ၎င်းတို့၏ ပစ်မှတ်နေရာများနှင့် အခြား အလစ်အငိုက်ရမည့် နေရာများ၌ ဖောက်ခွဲဖျက်ဆီးမှုများ မဖြစ်မနေလုပ်ဆောင်ရန် အကြပ်ကိုင် ဖိအားပေးလျက်ရှိကြောင်း သတင်းဖော်ထုတ်ရရှိနေသည်။

သို့ဖြစ်၍ ၎င်းတို့၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး လုံခြုံရေးသတိဖြင့် အစဉ်စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်သတင်းပေးကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

မီးဘေးရှောင်၊ မလောင်ခင်တား

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ ဦးစိန်အောင် မိသားစုက အလှူငွေကျပ် ခြောက်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန လမ်း(၁၆/၂)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်) သို့ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေနှင့် အလုပ်အမှုဆောင် ဒေါ်ဥမ္မာစိုးတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

အဋ္ဌမအကြိမ် ဓမ္မပူဇာသဘင်

ရန်ကုန် မေ ၅

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မေ ၆ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်)၊ မေ ၇ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူ ကြာတစ်ပွင့်) ရွှေပြည်ဟိန်းဆရာတော်၊ မေ ၈ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ မေ ၉ ရက်တွင် ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရ (မင်းကွန်းဓမ္မစေတီ ဆရာတော်)၊ မေ ၁၀ ရက်တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း–ခင်မကန်ကျောင်းတိုက်) ဆရာတော်တို့က ဒေါပုံမြို့နယ် ဓမ္မာရုံကြီးတွင် ညစဉ် ညနေ ၆ နာရီ၌ တရားတော်များ ဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေ သူတော်စင်များ ကြွရောက်နာကြားနိုင်ကြကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ပြိုင်ပွဲကျင်းပ စိန်ခေါ်ပွဲများတွင် အလဲထိုးပွဲ ငါးပွဲပါဝင်

ရန်ကုန် မေ ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် ကိုယ်အလေးချိန်တန်းအလိုက်ရိုးရာ လက်ဝှေ့ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး အောင်မင်း (ငြိမ်း)၊ ဦးမြင့်စိုး (KLN Group)နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် ရိုးရာလက်ဝှေ့အဖွဲ့များဖြစ်ကြသော KLN၊ မြန်မာပြည်သား၊ အလင်းရောင်၊ လယ်/ဆည်၊ တောင်ကလေး၊ ရွှေဒေါပုံ၊ ရွှေတွံတေး၊ မြိုင်ကလေး (ဘိလပ်မြေစက်ရုံ)၊ ကျွဲမင်း၊ နှစ်ရှည်ဥယျာဉ်၊ မြွေဟောက်မင်းအဖွဲ့တို့က နေရာယူကြပြီး အားကစားဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင် ရိုးရာလက်ဝှေ့ အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲများကို ကျင်းပရာ မြန်မာ့ရိုးရာ လက်ဝှေ့လေးချီ စိန်ခေါ်ပွဲများတွင် ရဲနောင်နောင် (တွံတေး)က ထွန်းထွန်း(တာကုန်း)အား ဒုတိယအချီ ၁မိနစ် ၅၄စက္ကန့်၌ လည်းကောင်း၊ ရွှေရဲလေး(ရွှေလက်ရာ) က တစ်ကောင်ဘွား(ပဲခူး)အား ပထမအချီ ၂မိနစ် ၁၃စက္ကန့်၌လည်းကောင်း၊ ဒေါင်းစိုးလေး (တွံတေး)က ကျားဘုရင် (မိုးညှင်းစု) အား ဒုတိယအချီ ၄၉စက္ကန့်၌လည်းကောင်း၊ ရွှေဒေါန (ရွှေလက်ရာ)က ကျော်ဇေယျ(ပဲခူး)အား ဒုတိယအချီ ၃၄စက္ကန့်၌လည်းကောင်း၊ ဝမ်ရှိ (KLN)က မိုက်ခဲကျော်ကျောက်ပွင့်(မြန်မာပြည်သား)အား တတိယအချီ ၂မိနစ် ၃စက္ကန့်၌လည်းကောင်း အလဲထိုးဖြင့် အသီးသီးအနိုင်ရရှိသွားကြသည်။

ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၆ရက်နှင့် ၇ရက်တို့တွင် မွန်းလွဲ ၂နာရီမှ စတင်ကျင်းပသွားမည်ဖြစ်ရာ ကျော်ဆန်း (KLN)နှင့် လူလေးအောင် (တောင်ကလေး)၊ စောအုန်းမြင့် (မြွေဟောက်မင်း)၊ မိုက်ခဲ(တောင်ကလေး)၊ ရန်ကြီးအောင် (အလင်းရောင်)နှင့် စောဇော်လွင် (KLN)ထွန်းထွန်း(၉၀၇ ဒေါနခြေလှမ်းသစ်)နှင့် မျိုးဆက်သစ် (လယ်/ဆည်)၊ သူရရဲအောင် (မြန်မာပြည်သား)နှင့် ကောင်းစံ (ရွှေဒေါပုံ)၊ တာတိုးဝါး (ဘိလပ်မြေစက်ရုံ)နှင့် အာကာဟိန်း (အလင်းရောင်)၊ စောဝီလျံသိန်း (မရမ်းကုန်း) နှင့် မိုက်တိုင်စန် (အလင်းရောင်)၊ ကြယ်လင်းအောင် (တောင်ကလေး)နှင့် အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)၊ စောခွဲလေး (KLN)နှင့် ဖိုးစိုး(အလင်းရောင်)၊ စောသဲမျိုး (KLN)နှင့် သမိန်ရာဇာ (မလှိုင်)၊ ဟိန်းညီညီ(အလင်းရောင်)နှင့် စစ်အောင် (ဘိလပ်မြေစက်ရုံ)၊ ရွှေနိုင်ထွန်း (မြွေဟောက်မင်း)နှင့် ဝင်းထွန်း (လယ်/ဆည်)၊ ရွှေရခိုင်(ရွှေဒေါပုံ)နှင့် ဒေါနပန်း (ကျွဲမင်း)၊ ဘိလပ်မြေမောင်မောင် (ဘိလပ်မြေစက်ရုံ) နှင့် စောသဲမင်း (KLN)၊ သားရွှေသွေး (တောင်ကလေး)နှင့်ရွှေဖလား (KLN)၊ အသဲစွဲ (ဘိလပ်မြေစက်ရုံ)နှင့် လက်သီးမောင်မောင် (မြားနက်)တို့ ပွဲစဉ်များ ပါဝင်မည်ဟု သိရသည်။ (ကြေးမုံ)

အား က စား ဝန်ကြီး ဌာန နှင့် မြန်မာနိုင်ငံ ရိုးရာ အားကစား အဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်း ပ သည့် ၂၀၀၆ခုနှစ်တတိယ အကြိမ်မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါး ပတ်ချန်ပီယံပြိုင်ပွဲ အထူး စိန်ခေါ် ပွဲ တွင် ဒေါန (ရွှေလက်ရာ)၏ ဒူးပျံ တိုက်ချက်ကကျော်ဇေယျ (ပဲခူး)ကို မိမိရရ ထိသွားစဉ်။

ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ရင်းရင်းနှီးနှီးနှုတ်ဆက်

အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ၂၀၀၆ ခုနှစ် ကိုယ်အလေးချိန်တန်းအလိုက် ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲဖွင့်ပွဲတွင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(အား/ကာ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၅–၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇:၀၅	အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးပွရောဂါအကြောင်း မေးမြန်းခန်း)
၇:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၅	eBooks (၃)နှစ်ပြည့်အခမ်းအနား (မောင်ဆုရှင်၊ဦးကျော်ဇောနိုင်၊ မျိုးမြတ်သူ)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	မြေအိုးထမင်းနှင့် အခြားအရံဟင်းများ
၁၀:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅	သွန်းလောင်းသံနည်းပညာ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	၂၀၀၅ခုနှစ် ပန်းချီ၊ ပန်းပုကျော်ကြားဆင်းပွဲ
၁၂:၀၀	MRTV-4 အပိတ် Logo
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၈:၅၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ဇော်ပိုင်နှင့် သူ၏အနုပညာခရီး
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	Business Talk

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မေ ၂ရက်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှပြုပြင်ရေးတို့ ပူးပေါင်းဖွင့်လှစ်သည့် ဆံပင်၊ မိတ်ကပ်အလှပြင်သင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲနှင့် (၂/၂၀၀၆)သင်တန်းဖွင့်ပွဲတွင် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်အေးအေး သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)

ပြည်ပအားကစားသတင်းများ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အာဆင်နယ်နှင့်ဆန်းဒါးလန်းအနိုင်ရ

လန်ဒန် မေ ၅

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ကြာသပတေးနေ့က ဆက်လက်ကျင်းပရာ အာဆင်နယ်အသင်းက မန်ချက်စတာစီးတီးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဆန်းဒါးလန်းအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသည်။

အာဆင်နယ်–မန်စီးတီး

ဟိုဆေး အန်တိုနီယို ရေးယက်စ် ပွဲကစားချိန်နှောင်းပိုင်းတွင် ဗန်ပါစီ၏နေရာတွင် လူစားထိုးဝင်ရောက်လာခဲ့ပြီးနောက် ၎င်းတစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းပေးခဲ့ပြီး အောင်ပွဲခံ အနိုင်ရရှိလိုက်ရာ ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် စတုတ္ထအဆင့်ရရှိရေး ယင်းအသင်း၏ မျှော်လင့်ချက်များမှာ ဆက်လက်ရှင်သန်လျက်ရှိသည်။

အာဆင်နယ်အသင်းသည် ပွဲချိန် မိနစ် ၃၀ တွင် ဦးဆောင်ဂိုးရရှိခဲ့သည်။ ဖရက်ဒီယွန်းဘတ်က အဖွင့်ဂိုးသွင်းပေးနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းက ပထမပိုင်း မပြီးဆုံးမီမှာပင် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် မန်စီးတီးအသင်းမှ ဆွမ်မေးလ်က ဂိုးသွင်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဒုတိယပိုင်း ပြန်လည် စတင်ပြီးနောက် အာဆင်နယ်အသင်းက တိုက်စစ်အား ကောင်းလာစေရန် ကြိုးပမ်းကစားလာခဲ့ပြီး ပွဲချိန် ၇၈ မိနစ်တွင် ရေးယက်စ်က အနိုင်ဂိုးတစ်ဂိုးကို သွင်းယူသည်။ ပွဲချိန် ၈၄ မိနစ်တွင် ရေးယက်စ်ကပင် ပွဲသိမ်းအနိုင်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ရာ အာဆင်နယ် အနိုင်ရရှိပြီး စတုတ္ထနေရာတွင်ရှိနေသော တော့တင်ဟမ်ဟော့စပါးအသင်းနှင့် အမှတ်ကွာဟချက်မှာ တစ်မှတ်သာလျှင် ရှိတော့သည်။

မေ ၄ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ ဆိုးလ်ကမ့်ဘဲလ်က မန်စီးတီးအသင်းမှ ဆမ်မားရက်စ်၏ ခြေတွင် ရှိနေသော ဘောလုံးကို ဖျက်ထုတ်စဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ၏ နောက်ဆုံးလက်ကျန်ပွဲအဖြစ် မေ ၈ရက်တွင် ဟိုက်ဘာရီကွင်း၌ ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထိုစဉ်အတွင်း တော့တင်ဟမ်ဟော့စပါး အသင်းမှာ ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ယင်းပွဲနှစ်ပွဲ ရလဒ်များအပေါ်မူတည်၍ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ် ထိပ်တန်း အသင်းလေးသင်းတွင် ပါ၊ မပါ စောင့်ကြည့်ရမည်ဖြစ်သည်။

ဆန်းဒါးလန်း–ဖူလ်ဟမ်

ဆန်းဒါးလန်းအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ သမိုင်းကြောင်းတွင် အိမ်ကွင်း၌ အနိုင်ရရှိသည့် ပွဲတစ်ပွဲမှ မကြုံရဘဲ ဘောလုံးရာသီ ပြီးစီးသွားသည့် ပထမဆုံးသော အသင်းအဖြစ် မှတ်တမ်းတင် မခံရရေးအတွက် ရှောင်ရှားနိုင်ရန် အထူးကြိုးပမ်း ကစားခဲ့ပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆန်းဒါးလန်းအသင်းအတွက် ပွဲချိန် ၃၂ မိနစ်နှင့် ၅၇ မိနစ်တို့တွင် လီတယ်လက်နှင့် ဘရောင်းတို့က အသီးသီး ဂိုးသွင်းပေးခဲ့ကြပြီး ဖူလ်ဟမ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ရက်ဇင်းစကီးက သွင်းယူခဲ့သည်။ **အင်တာနက်။**



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ပါရမီရှင်လူငယ်ဘောလုံးသမားများကိုအခြေခံသည့်ပါရာဂွေး

အုပ်စု(ခ)တွင် ဆွီဒင်အသင်းပြီးလျှင် တတိယ အလားအလာအရှိဆုံးအသင်းမှာ ပါရာဂွေးဖြစ်သည်။ ပါရာဂွေး အသင်းဆိုလိုက်လျှင် ဘောလုံးဝါသနာရှင်များက ဂိုးသမားကြီးချီလာဗတ်ကို မျက်စိထဲပြေးမြင်မိကြလိမ့်မည် ထင်သည်။ ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ရှုံးထွက်ဒုတိယအဆင့်တွင် ပါရာဂွေးသည် အိမ်ရှင်ပြင်သစ်အသင်းကို ရွှေဂိုးတစ်ဂိုးတည်းဖြင့် ကပ်ရှုံးကာ အိမ်ပြန်ခဲ့ရသည်။

တောင်အမေရိကမှ ပါရာဂွေးအသင်း၏ ပြိုင်ဘက်များက ဆီမီးဖိုင်နယ်ဗိုလ်လုပွဲသို့ တက်ရောက်သွားစဉ်မှာ နိုင်ငံတကာ၏ လေးစားမှုကို ခံရရုံမှလွဲပြီး လက်ချည်းသက်သက်ပြန်လာရသည်။ ရှုံးထွက်ဒုတိယအဆင့်သို့ ရောက်ရှိခဲ့သည်ဆိုသော ဂုဏ်ပုဒ်ကလေးဖြင့် ကျေနပ်နှစ်သိမ့်ခဲ့ရသည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါရာဂွေးသည် စပိန်၊ ဆလိုဗေးနီးယား၊ တောင်အာဖရိကအသင်းတို့နှင့် တစ်အုပ်စုတည်းကျသည်။ ပွဲဦးထွက်တွင် တောင်အာဖရိကကို ၂–၂ သရေကျသည်။ စပိန်ကို ၃–၁ဖြင့်ရှုံးသည်။ ဆလိုဗေးနီးယားကို ၃–၁ဖြင့်နိုင်သည်။ ပါရာဂွေးသည် တောင်အမေရိကနှင့် အမှတ်တူသော်လည်း သွင်းဂိုး၊ ပေးဂိုး ကွာဟချက်ကြောင့် ရှုံးထွက် ဒုတိယအဆင့်သို့ ရောက်ခဲ့သည်။ ရှုံးထွက် ဒုတိယအဆင့်တွင် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဒုတိယရရှိသော ဂျာမနီအသင်းနှင့်ဆုံသည်။ ပွဲပြီးခါနီး နှစ်မိနစ်အလိုတွင် အိုလီဗာ နဗာလီ၏ ဂိုးဖြင့် ထွက်ခဲ့ရသည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲကစားခဲ့သော အနေအထားများကို လေ့လာကြည့်ရာတွင် ပါရာဂွေးသည် တောင်အမေရိက၏ ဘောလုံးအင်အားကြီး အသင်းများကို ပင် ခြေရည်တူ လိုက်ကစားနိုင်သည်။ ဘရာဇီးနှင့် ပထမဦးဆုံးကစားသည့်ပွဲတွင် သရေကစားနိုင်သည်။ အာဂျင်တီးနားကို ပထမပွဲတွင် ဂိုးမရှိသရေကစားပြီး ဒုတိယပွဲတွင် တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။

သို့သော် ပါရာဂွေးအသင်းမှာ ပြောစရာတစ်ချက်ရှိသည်။ ၎င်းမှာ ကစားပုံ မတည်ငြိမ်ခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် ခြေစစ်ပွဲအတွက် ပထမဦးဆုံးပွဲစဉ်အဖြစ် ပီရူးနှင့်ကစားရသည်။ ၄–၁ ဖြင့် ရှုံးသည်။ ထိုမှ တောက်လျှောက် ကစားပုံတည်ငြိမ်ပြီး ခြေစစ်ပွဲများ ဆက်တိုက်နိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဘိုလီးဗီးယားနှင့်ပွဲတွင်လည်းကောင်း၊ ၂၀၀၅ ခုနှစ် အီကွေဒေါနှင့်ပွဲတွင်လည်းကောင်း၊ ခြေစစ်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သော ကိုလံဘီယာနှင့် ပွဲတွင်လည်းကောင်း ကစားပုံညံ့သွားသည်။

၂၀၀၆ ခုနှစ် မတ် ၁ ရက်က အင်္ဂလန် ကာဒစ်မြို့တွင် ဝေလအသင်း နှင့် ချစ်ကြည်ရေးပွဲကစားခဲ့သော ပါရာဂွေးဘောလုံးအသင်းမှ အသင်းသားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဂမ်ဆိုင်း

မည်သို့ပင်ဖြစ်စေ ပါရာဂွေးသည် စုစုပေါင်း ၂၈ မှတ်ရပြီး အုပ်စုစတုတ္ထရသည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲရမှတ်နှင့်စာလျှင် နှစ်မှတ်လျော့သွားသည်။ ၂၀၀၂ခုနှစ်တောင်အမေရိက ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်ခဲ့သည့် အတိုင်း အုပ်စုပထမ ဘရာဇီး၊ အာဂျင်တီးနား၊ အီကွေဒေါတို့က ပါရာဂွေး၏ ရှေ့တွင် အစဉ်လိုက်ရှိသည်။ ခြေစစ်ပွဲမှာ ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးသည်။ ၂၃ ဂိုးသွင်းပြီး ၂၃ ဂိုးပြန်အသွင်းခံရသည်။

ပါရာဂွေးသည် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်သို့ ခြောက်ကြိမ်တက်ရောက်နိုင်ခဲ့သည်။ သုံးကြိမ် ရှုံးထွက် ဒုတိယအဆင့်သို့ ရောက်ခဲ့သည်။ ၁၉၈၆ ခုနှစ် မက္ကဆီကို ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရိုမာရီရို၊ ရောဘတ်တိုကန်ဘာနက်တို့၏ ဦးဆောင်မှုဖြင့် ရှုံးထွက်ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။ ရှုံးထွက် ဒုတိယအဆင့်၌ အင်္ဂလန်ကို ၃ ဂိုး၊ ဂိုးမရှိရှုံးပြီး ထွက်ရသည်။ ၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ရှုံးထွက်ဒုတိယအဆင့်ကို ရောက်ခဲ့ပြန်သည်။ ထိုစဉ်က နာမည်ကျော်ဂိုးသမားကြီး ချီလာဗတ်က အသင်းခေါင်းဆောင်အဖြစ် အသင်းကိုဦးဆောင်ခဲ့သည်။ ပထမအဆင့် အုပ်စုပတ်လည်တွင် ဘူလ်ဂေးရီးယားနှင့် စပိန်တို့ကို သရေကစားပြီး နိုင်ဂျီးရီးယားကို သုံးဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ အုပ်စု ဒုတိယဖြင့် ရှုံးထွက် ဒုတိယအဆင့်သို့ တက်ခဲ့သည်။ ၎င်းအဆင့်တွင် အိမ်ရှင်ပြင်သစ်နှင့်တွေ့ပြီး ရွှေဂိုးဖြင့်ရှုံးကာ လှည့်ပြန်ရသည်။

၂၀၀၆ ခုနှစ် မတ် ၂၉ ရက်က အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ကျင်းပသော နိုင်ငံတကာ ချစ်ကြည်ရေးပွဲတွင် မက္ကဆီကိုအသင်းမှ ကလော်ဒီယို ဆောရက်စ်ထံမှ ဘောလုံးကို ရရှိရန် ပါရာဂွေးအသင်းမှ နယ်လ်ဆင် ကွေဗာ ကြိုးပမ်းနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာနီဘောလ် မန်နီလူးအစ်(ဇ်)က ပါရာဂွေးအသင်းကို နည်းပြအဖြစ် ဆောင်ရွက်မည်။ သူသည် ခြေစစ်ပွဲကာလ နည်းပြဆရာ အပြောင်းအလဲ သုံးဦးထဲမှ တစ်ဦးဖြစ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးသည့် နောက် ပြင်သစ်နည်းပြ ဘက်ဆီရာမယ်(လ်) ဒီနီထံမှအသင်းကို လွှဲပြောင်းယူပြီး ခေတ္တနည်းပြလုပ်ခဲ့သည်။ အာနီဘောလ် မန်နီလူးအစ်(ဇ်)သည် ပါရာဂွေး ဘောလုံးလောကတွင် နာမည်ရှိသူဖြစ်သည်။

မန်နီလူးအစ်(ဇ်) အသင်းကို စတင်ကိုင်တွယ်ရသည့် အချိန်မှစတင်ပြီး လူငယ်သွေးသစ်များဖြင့် အသင်းကို အစားထိုးလိုက်သည်။ အသင်းပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်ပြီး အချို့က ဆင်ခြေပေးကြသည်။ ဝေဖန်ကြသည်။

ဂိုးသမားကြီး ချီလာဗတ်နေရာကို ဂျပ်တိုဗီလာဖြင့် အစားထိုးခဲ့သည်။ နောက်တန်းမှာ ကာလို(စ်)၊ ဂန်မာရီတို့ကို အစားထိုးသည်။ အလယ်တန်းကို ၂၀၀၄ အိုလံပစ်ပြိုင်ပွဲ ဒုတိယရခဲ့သောအသင်းမှ လူငယ်သွေးသစ်များဖြစ်သော ဂျူလီရာအိုဒို့ဆန်တို့(စ်)နှင့် အက်ဂါဘာရက်တို့ဖြင့် အားဖြည့်လိုက်သည်။

ရှေ့တန်းတွင် ဆန်တာခရူးသက်လုံအလွန်ကောင်းသော ဂျိုဆက်ကာဒိုဇိုနှင့် ပါရာဂွေး ဘောလုံးလောက၏ အတောက်ပဆုံး ကြယ်ပွင့်ဖြစ်သော နယ်ဆင်ဟီဒိုဗယ်လ်ဒက်(ဇ်) တို့ကို အားဖြည့်ထားသည်။ ၎င်းလူငယ်ကစားသမားများသည် ပါရာဂွေးအသင်း၏ ဂုဏ်ရောင်ကို တောက်ပြောင်စေလိမ့်မည်။ သို့ဖြစ်၍ ပါရမီရှင်လူငယ်ဘောလုံးသမားကလေးများကို အခြေခံပြီး နည်းပြဆရာ လူးအစ်(ဇ်)၏ အတွေ့အကြုံများဖြင့် ပေါင်းစပ်ပေးလိုက်ခြင်းအားဖြင့် ပါရာဂွေးအသင်းသည် ရှုံးထွက် ဒုတိယအဆင့်သို့ ရောက်နိုင်သည်ဟု သုံးသပ်ရပေသည်။ ။

ပြည်သူ့ထံမှပေးစာ

သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးစေချင်

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၁)ရပ်ကွက် လမ်း (၅၀) အလယ်ဘလောက်ရှိ တိုက်ခန်းများတွင် လွန်ခဲ့သောရက်ပိုင်းမှစ၍ ရေပိုက်မှလာသော ရေများမှာ နောက်ကျိနေပြီး မြောင်းပုပ်နံ့များ နံနေပါသည်။

ကျွန်တော်တို့သည် ၎င်းရေကိုသာ အဓိကထားပြီး သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုနေရပါသောကြောင့် ကြည်လင်ပြီးသန့်ရှင်းသောသောက်သုံးရေများရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်း(၅၀)သား**

ပလတ်စတစ်အညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား–

ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် (ဇ/မြောက်) ရပ်ကွက် ရွာလယ်လမ်းတွင် ပလတ်စတစ် စက်ရုံတစ်ရုံမှ ကော်များကို နေ့ရောညပါ ကျိုချက်နေပါသဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများမှာ ပလတ်စတစ် အညှော်နံ့များကြောင့် ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ပါ၍ အဆိုပါလုပ်ငန်းအား စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သား

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သားသတ်လုပ်ငန်း ဖယ်ရှားဆောင်ရွက်ပြီး

၂၂–၄–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ ကျိုက္ကော်ဈေးဝင်းအနီးမှ "သားသတ်လုပ်ငန်း ဖယ်ရှားပေးသင့်" ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

မင်္ဂလာတောင်ညွန့် မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စက်ရုံလမ်းတွင် ရေမြောင်းများ ပိတ်ဆို့နေသည်မှာ ကြာပြီဖြစ်ပါသည်။

သာယာကုန်းရပ်ကွက်မှာ အနိမ့်ပိုင်းဖြစ်၍ အမြင့်မှ မျောပါလာသော အမှိုက်သရိုက်များကြောင့် ရေမြောင်းများ ပိတ်ဆို့နေပြီး ရေဆိုး၊ ရေပုပ်များ လမ်းမပေါ်သို့ အမြဲလျှံတက်နေပါသည်။

သို့ပါ၍ အဆိုပါ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သာယာကုန်းသား

မိလ္လာကန်များ သန့်ရှင်းစေလို

စာတည်းရှင့်–

တာမွေမြို့နယ် တာမွေလေး ရပ်ကွက် မင်းရဲကျော်စွာအိမ်ရာ သမာဓိလမ်းနှင့် မင်္ဂလာလမ်းအနီး ခြံဝင်းအတွင်း၌ မိလ္လာကန်များကို စနစ်တကျ တည်ဆောက်ထားခြင်း မရှိ၍ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိပါသည်။

သို့ပါ၍ ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေး မထိခိုက်စေရေးအတွက် အဆိုပါခြံဝင်းအတွင်းရှိ မိလ္လာကန်အား စနစ်တကျ တည်ဆောက်ရေး လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

သဃ်ာန်းကျွန်းဈေးကြီးအတွင်းမှ အမှိုက်ပုံသိမ်းဆည်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ သဃ်ာန်းကျွန်းဈေးကြီးအတွင်းရှိ သားငါးဈေးဆိုင်တန်းများနှင့် စားသောက်ဆိုင်များအနီးမှ အမှိုက်ပုံကြီးမှာ ပုံမှန်သိမ်းဆည်းခြင်းမရှိပါသဖြင့် အမှိုက်များစုပုံနေပြီး အနံ့ဆိုးများထွက်ပေါ်လျက်ရှိ၍ ကျန်းမာရေးထိခိုက်စေပါသည်။

သို့ပါ၍ အဆိုပါအမှိုက်ပုံကို ပုံမှန်သိမ်းဆည်းစေရေးအတွက် ကြပ်မတ်ဆောင်ရွက် ပေးပါရန်တင်ပြအပ်ပါသည်။

ဈေးသည်များ

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘုတ်ပြင်းမြို့ ဓမ္မဝိဇယ ပရိယတ္တိကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်ကြည့်ရှု ဘုတ်ပြင်း–တနင်္သာရီ ကားလမ်းပိုင်းများနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၂ ရက် နံနက် ၇ နာရီတွင် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့ ဓမ္မဝိဇယကျောင်းတိုက်အတွင်း၌ ကျင်းပသည့် ပရိယတ္တိစာသင်တိုက်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည့်ရှုသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၊ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်နှင့် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပရိယတ္တိစာသင်တိုက် နဖူးစည်းဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်၍ တစ်ပြိုင်တည်းဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

၆–၅–၂၀၀၆

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာ ရှိပါသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

NLD ဗဟိုတစ်ဖွဲ့လုံး အနောက်မျှော်ဝါဒကျင့်သုံးပြီး ပြည်ပကို အားကိုးလွန်းနေ မြန်မာပြည်သားအချင်းချင်းကို အိမ်ကြက်ချင်းအိုးမဲသုတ်ပြီး ရန်တိုက်ပေးခဲ့ ဆက်လက်ဦးဆောင်နိုင်မည့် အခြေအနေမရှိဘဲ အနာဂတ်အတွက်လည်းလမ်းညွှန်နိုင်မှုမရှိ ဒီမိုကရေစီရေးပန်းပြပြီး ငါ့မိုကရေစီရေးနှင့် အတ္တအကျိုးကိုရှေးရှုနေသည့်အတွက် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာမှ NLD ပါတီဝင် ၆၂ ဦး စုပေါင်းနုတ်ထွက် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းအောင် ဖော်ဆောင်ပေးနေသည့် နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ပူးပေါင်း လက်တွဲဆောင်ရွက်သွားကြမည်

ရန်ကုန် မေ ၅

မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၂ ဦးတို့သည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့၏ နုတ်ထွက်လွှာများကို စုပေါင်းလက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့ပြီး ၎င်းတို့၏ စုပေါင်းနုတ်ထွက်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီ ၂၃ မိနစ်တွင် ရွှေပြည်ကျေးရွာ ရွှေပြည်ရွာရင်းကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ NLD ပါတီမှ စုပေါင်းနုတ်ထွက်ပွဲ အခမ်းအနားသို့ စဉ့်ကူးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးကျော်စွာ၊ အတွင်းရေးမှူး ဦးလှထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးရီနှင့် အဖွဲ့ဝင်ခြောက်ဦး တက်ရောက်ခဲ့ကြပြီး စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❁

တန်ဇန်းနီးယားနိုင်ငံ ဇန်ဇီဘာဒေသ ပင်လယ်ကမ်းခြေတွင် လင်းပိုင်များ အစုလိုက်အပြုံလိုက် သေဆုံး နေသည်ကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။ အင်တာနက်

ကြေးမုံ The Mirror အင်တာနက်သတင်း

ကျယ်လောင်သည့် အသံကြောင့် လင်းပိုင်များ သေဆုံးရဟုဆို

ဒါရက်ဆလမ် မေ ၅

ပင်လယ်ရေအောက် ရေမျက်နှာပြင်တွင် လျှပ်ပမှုနှင့် စစ်သင်္ဘောများ မောင်းနှင်သည့် ကျယ်လောင်သော အသံများကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ဇန်ဇီဘာကျွန်းတစ်ဝိုက်၌ လင်းပိုင်ကြီးများ ရာနှင့်ချီ၍ သေဆုံးခဲ့ရကြောင်း ဗုဒ္ဓဟူးနေ့တွင် ဒါရက်ဆလမ်သို့ ရောက်ရှိလာသည့် သတင်းများအရ သိရှိရသည်။

လင်းပိုင်များ သေဆုံးရခြင်းအကြောင်းများမှာ ပင်လယ်ရေအောက် မျက်နှာပြင်တွင် လျှပ်ပမှုနှင့် စာမျက်နှာ ၉ ကော်လံ ၁ သို့ ●